# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (30-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊LDU၊PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့(ALP၊DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO အဖွဲ့တို့မှ ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့(ALP၊DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။

**ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ သွားရောက်စစ်ဆေး**

စာမျက်နှာ - ၁၆

**တီဘီရောဂါဖြစ်ပွားသူများ တစ်ယောက်မှမကျန်ရှိစေရေး ရောဂါစမ်းသပ်စစ်ဆေးမှုများကို များများရှာ၊ မြန်မြန်ကုပြီး ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ရမည်ဖြစ်**

စာမျက်နှာ - ၁၈




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်
အယ်ဒီတာ့အာဘော်

# အိုင်အိုဒင်းချို့တဲ့မှုရောဂါများ ပပျောက်ရေး

နှစ်စဉ် ဩဂုတ်လသည် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်သည့်လဖြစ်သည်။ ဩဂုတ်လ၏ ပထမသီတင်းပတ်သည် မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်ဖြစ်ပြီး ဒုတိယသီတင်းပတ်သည် ငါးနှစ်အောက်ကလေးငယ်များ၊ ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်သည်။ တတိယသီတင်းပတ်သည် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်ပြီး စတုတ္ထသီတင်းပတ်သည် အိုင်အိုဒင်းချို့တဲ့မှုရောဂါများပပျောက်ရေးရက်သတ္တပတ်ဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ အသက်ငါးနှစ်အောက်ကလေးငယ်များတွင် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် ဦးနှောက်ချို့တဲ့မှုပြဿနာများ တွေ့ကြုံနေကြရသည်။ ထို့ကြောင့် မိခင်လောင်းများသည် ကိုယ်ဝန်ဆောင်ချိန်မှစ၍ အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာစားသုံးရန် အထူးလိုအပ်သည်။ အိုင်အိုဒင်းဆား စားသုံးခြင်းသည် မိခင်နှင့် ရင်သွေးငယ်ကလေးများအတွက် အာဟာရဖွံ့ဖြိုးစေမည်ဖြစ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် ကမ္ဘာ့လူသားများတွင် ဦးနှောက်ပျက်စီးမှု၊ စွမ်းဆောင်ရည်နေးကွေးမှုပြဿနာများနှင့်လည်း ရင်ဆိုင်နေကြရသည်။ ကိုယ်ဝန်ဆောင်များ အိုင်အိုဒင်းဓာတ်ချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေးမွေးခြင်း၊ မသန်စွမ်းသောကလေးမွေးခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာချို့တဲ့သော၊ ဉာဏ်ရည်နိမ့်သောကလေးများလည်း မွေးဖွားတတ်ပေသည်။

ကလေးငယ်များအနေဖြင့် အိုင်အိုဒင်းဓာတ်ချို့တဲ့လျှင် ပုံမှန်မကြီးထွားဘဲ အရပ်ပုနေတတ်သည်။ ဉာဏ်ထိုင်းပြီး သွက်လက်ဖျတ်လတ်မှုမရှိဘဲ ထုံထိုင်းနေးကွေးနေတတ်သည်။ လူကြီးများ အိုင်အိုဒင်းဓာတ်ချို့တဲ့လျှင်လည်း လည်ပင်းကြီးရောဂါဖြစ်စေတတ်သည်။ ကမ္ဘာတစ်ဝန်း၌ လူဦးရေသန်း ၂၀၀ မှ သန်း ၃၀၀ ကြား လည်ပင်းကြီးရောဂါ ခံစားနေကြရပေသည်။

အိုင်အိုဒင်းဓာတ်သည် သက်စောင့်ဓာတ်(သတ္တုဓာတ်)တစ်မျိုးဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်အတွက်လိုအပ်သော အိုင်အိုဒင်း ၇၅ ရာခိုင်နှုန်းကို သိုင်းရွိုက်ကလင်းတွင် သိုလှောင်ထားလေ့ရှိသဖြင့် အိုင်အိုဒင်းဓာတ်သည် သိုင်းရွိုက်ကလင်း၏ လုပ်ငန်းများနှင့် သိုင်းရွိုက်ဆဲလ်များဖြစ်တည်မှုအတွက် လွန်စွာအသုံးဝင်ပေသည်။

ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲနှင့် ကုလသမဂ္ဂဆိုင်ရာ ကလေးများအထောက်အပံ့အဖွဲ့တို့က အိုင်အိုဒင်းဆားတစ်မျိုးတည်းကိုသာ စားသုံးကြရန် အကြံပြုထားပေသည်။ သို့သော် အငန်ဓာတ်လွန်ကဲသော အစားအစာများကို နေ့စဉ်စားသုံးမိပါက သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ရောဂါရှိသူများအတွက် ကျန်းမာရေးဆိုးကျိုးများဖြစ်စေတတ်သည်ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကလေး၊ လူငယ်၊ လူကြီးများ၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်များအနေဖြင့် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုမဖြစ်စေရန်၊ ဦးနှောက်ပျက်စီးမှု၊ စွမ်းဆောင်ရည်နေးကွေးမှုမဖြစ်စေရန် မိမိတို့ချက်ပြုတ်စားသုံးသောဟင်းလျာများတွင် အိုင်အိုဒင်းဆားအနည်းငယ်ထည့်၍ စားသုံးကြရမည်ဖြစ်သည်။ သို့မှသာ အိုင်အိုဒင်းချို့တဲ့မှုရောဂါပပျောက်ပြီး ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝသူ၊ စွမ်းဆောင်ရည်မြင့်မားသူများ ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းဖွင့်လှစ်မည်



ယခင်ကဖွင့်လှစ်ခဲ့သည့် ငါးမွေးမြူရေးသင်တန်းကို တွေ့ရစဉ်။

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို စက်တင်ဘာလ ပထမပတ်တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးစိတ်ပါဝင်စားသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေပြီး ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေရေး၊ ငါးအစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက် ထုတ်လုပ်နိုင်စေရေးတို့ကို ရည်ရွယ်၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်း၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားဦးရေ ၂၀ မှ ၂၅ ဦးထိလက်ခံကာ စာတွေ့၊ လက်တွေ့နည်းများဖြင့် အခမဲ့ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့သူတွေကို သင်တန်းဖွင့်လှစ်ပေးသွားမှာပါ။ ငါးမွေးမြူသူတွေ စနစ်တကျ မွေးမြူနိုင်စေဖို့အတွက် သင်တန်းပို့ချပေးတာပါ။ သင်တန်းကိုတော့ လာမဲ့ စက်တင်ဘာလ ပထမပတ်ထဲမှာ ဖွင့်လှစ်သွားမှာပါ။ နှစ်ရက်ကြာသင်တန်းပါ။ ငါးလုပ်ငန်းစခန်းက ပညာရှင်တွေက သင်ကြားပေးသွားမှာပါ။ အခုလို နည်းပညာရပ်သင်တန်းတွေ ဖွင့်လှစ်ပို့ချပေးတာကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့ အကျိုးကျေးဇူးတွေရရှိမှာပါ။ ငါးမွေးမြူသူတွေလဲ တိုးပွားလာမှာပါ။ ငါးမွေးမြူတဲ့အခါမှာလဲ လိုအပ်တဲ့ အကြံဉာဏ်တွေကို ပေးသွားမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAQP) စနစ်ဖြင့် မွေးမြူနိုင်သည့်ပညာရပ်များ၊ ရွှေဝါငါးကြင်းသားဖောက်နည်းပညာရပ်များနှင့် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်းနည်းပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာတွင် ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး ဩဂုတ် ၂၉**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာတွင် ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ လတ်တလော စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာဖြစ်ကြောင်း၊ ဆင်ကျွန်းကျေးရွာရှိ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းများကို ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"အခု ဆင်ကျွန်းကျေးရွာမှာ လည်ပတ်တဲ့ ခရီးသွားတွေကလဲ မတ္တရာမြို့နယ် ဧရာဝတီမြစ်အတွင်းမှာနေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ ဩဂုတ်လပထမပတ်က တစ်ရက်လျှင် ဦးရေ ၆၀ ကျော်သာ ရှိခဲ့သော်လည်း ဩဂုတ်လ နောက်ဆုံးပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းအာလူးနှင့် တရုတ်အာလူးများ ဈေးကောင်းရရှိနေ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အောင်ပန်းအာလူးနှင့် တရုတ်အာလူးများ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အောင်ပန်းအာလူးနှင့် တရုတ်အာလူးများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားလေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာ အောင်ပန်းအာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ရှိပြီး တရုတ်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးရှိကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ အာလူးက အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသဘက်ကပဲထွက်ရှိပြီး ဝင်ရောက်လာတာပါ။ တရုတ်အာလူးတွေလဲ ဝင်ရောက်နေပါတယ်။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေကတော့ မရှိသေးပါဘူး။ အာလူးစိုက်တဲ့တောင်သူတွေက ရာသီဥတုအခြေအနေကြောင့် မစိုက်ကြတာများပါတယ်။ တရုတ်အာလူးတွေနဲ့ အောင်ပန်းအာလူးတွေ ဈေးကောင်းရနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အာလူးများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ဗိုလ်စားပဲ၊ ပန်းမုန်လာတို့သည်လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ရွှေမြို့နယ် ဘန်းပြင်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ သြဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် နောင်တောကျေးရွာအုပ်စု ဘန်းပြင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်မြမြမွေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံ ကိန်းတာဝန်ခံဒေါ်မူစီ (ဒုတိယဦးစီးမှူး)တို့က နောင်တောကျေးရွာအုပ်စု ဘန်းပြင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများအရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ရွှေမြို့နယ် ဘန်းပြင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း၊ ဆိုလာစနစ်သုံးရေသန့်စင်စက်တပ်ဆင်ခြင်း၊ နှစ်လက်မ ရေပိုက်နှင့်ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၀၃၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုလ ဒုတိယပတ်မှစတင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဇော်မြင့်-ဒေါ်မိုးမိုးဝေ၊ သမီး-မရိုးသံစဉ်၊ မဆန်းသစ်ဝေမိုး၊ သား-မောင်အောင်မင်းသန့်(အောင်မြင်သူကုမ္ပဏီ)မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးစွန်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၈၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို သြဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၇၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၂၇၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မိုးစပါး ဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ မိုးစပါး ၂၇၈၈ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ မိုးစပါးအထွက်နှုန်းကောင်းမွန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့အတွက် ကာကွယ်နည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် မိုးစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးသူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၁၂၉၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် အုတ်ဖိုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ သြဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဝင်ကျေးရွာဖြစ်သည့် အုတ်ဖိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို သြဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်နှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက အုတ်ဖိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၁၀ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁၂၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုံးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေကျပ် ၃၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ရေတာရှည်မြို့နယ် နတ်ရေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေး

**ရေတာရှည် သြဂုတ် ၂၉**


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ခင်တန်းကြီးကျေးရွာအုပ်စု နတ်ရေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက နတ်ရေတွင်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက နတ်ရေတွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၂ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နတ်ရေတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**



# ခင်ဘကုန်းမှနောက်ဆုံးတွေ့ရှိခဲ့သည့် မြေမီးဖုတ်ရုပ်ကြွ

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်သည့် ပျူမြို့ဟောင်းသရေခေတ္တရာနယ်မြေအတွင်းရှိ ခင်ဘကုန်းသည် များစွာသောပျူယဉ်ကျေးမှုအထောက်အထားကို တွေ့ရှိခဲ့သည့်နေရာဖြစ်သည်။ အထူးသဖြင့် ခင်ဘကုန်းမှရရှိခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ပိဋကသုံးပုံကောက်နုတ်ချက်များ ရေးသားထားသော ရွှေပေလွှာအချပ် ၂၀ သည် ပညာရပ်နယ်ပယ်အသီးသီးတွင် အထူးထင်ရှားခဲ့သည်။

ခေတ်အဆက်ဆက်၌ ခင်ဘကုန်းကို တူးဖော်သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရွှေ၊ ငွေ၊ ကြေး၊ ကျောက်ပစ္စည်းများအပြင် မြေမီးဖုတ်ပစ္စည်းများကိုလည်း တွေ့ရှိခဲ့သည်။ မြေမီးဖုတ်ပစ္စည်းသည် မြေစေး၊ ရွှံ့ စသည်တို့ကို အလိုရှိရာပုံဖော်ပြီးနောက် တောင့်တင်းမာကျော၍ ရေရှည်ခိုင်ခံ့စေရန် မီးဖုတ်ထားသည့် မြေထည်ဖြစ်သည်။ မြေအိုးခွက်ပန်းကန် စသည်တို့သည် မြေမီးဖုတ်ပစ္စည်းများဖြစ်ကြပြီး ရုပ်တု၊ ရုပ်ကြွများပြုလုပ်ကာ မီးဖုတ်ထားသည့် မြေထည်ပစ္စည်းများကို မြေမီးဖုတ်ရုပ်ကြွဟု ခေါ်ဆိုသည်။

**ခင်ဘကုန်းတူးဖော်မှုများ**

ခင်ဘကုန်းသည် သရေခေတ္တရာမြို့ဟောင်းနန်းတော်ရာ၏ အရှေ့တောင်ဘက် ကုလားကန်ကျေးရွာမှ အနောက်တောင်ဘက် ပေ ၂၀၀ ခန့်အကွာတွင် တည်ရှိပြီး ကုန်းပိုင်ရှင် ဦးခင်ဘကို အစွဲပြုကာ ခင်ဘကုန်းဟုအမည်တွင်ခဲ့သည်။ သရေခေတ္တရာမြို့ရိုးအတွင်း သာယာဝတီတံခါးပေါက်အနီး၌တည်ရှိသည့် ခင်ဘကုန်းသည် ပျူမြို့ဟောင်းများ၏ အရေးပါသော ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများကိုတွေ့ရှိခဲ့သည့် ကုန်းတစ်ခုအဖြစ် အလွန်ထင်ရှားခဲ့သည်။

ကျောက်စာဝန် မစ္စတာဒူရွိုင်ဇယ်နှင့် အဖွဲ့သည် ခင်ဘကုန်းရှိ ဌာပနာတိုက်ကို ၁၉၂၆ ခုနှစ်က တူးဖော်မှုဆောင်ရွက်ခဲ့ရာ ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသော ရွှေပေလွှာအချပ် ၂၀ အပါအဝင် ရှေးဟောင်းပစ္စည်း ၆၈ မျိုး၊ ပစ္စည်းအရေအတွက် ၅၀၀ ကျော်ရရှိခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနသည် ၁၉၆၄ ခုနှစ်တွင် ခင်ဘကုန်းကို ပြန်လည်တူးဖော်သုတေသနပြုခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အီတလီနိုင်ငံမှ Lerici Foundation နှင့်ပူးပေါင်း၍ ခင်ဘကုန်းထိန်းသိမ်းရေးလုပ်ငန်းနှင့် အသေးစိတ်မှတ်တမ်းပြုပုံဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်၍ ခင်ဘကုန်းကို တူးဖော်မှုများထပ်မံပြုလုပ်ခဲ့ရာ ပျူခေတ်ယဉ်ကျေးမှုလက်ရာ အထောက်အထားများကို ထပ်မံတွေ့ရှိခဲ့သည်။

ထိုကုန်းများကို ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများဆောင်ရွက်ရာမှ ထွက်ပေါ်လာသည့် ရှေးဟောင်းပစ္စည်းများကို ၎င်းတို့ တွေ့ရှိရသည့် မြေလွှာများကိုကြည့်၍ ယေဘုယျအားဖြင့် ခေတ်ကိုခွဲခြားနိုင်ပြီး သမိုင်းကြောင်းအစွန်းအစများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

ခင်ဘကုန်းကို ၁၉၂၆ ခုနှစ်တွင် တူးဖော်ခဲ့ပြီးနောက် ခင်ဘကုန်းသည် လေးထောင့်အဆောက်အအုံတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ရပြီး ကုန်း၏အလယ်တွင် အုတ်စီထားသောဌာပနာတိုက်တစ်ခုကို တွေ့ရှိခဲ့သည်။ ၎င်းဌာပနာတိုက်မှ ဌာပနာတိုက်ဖုံးကျောက်ပြားအကောင်းနှစ်ချပ်၊ သုံးပိုင်းကျိုးနေသောကျောက်ပြားတစ်ချပ်၊ ငွေဖြင့်ပြုလုပ်ထားသော ဇောဓိပလ္လင်ပုံခေါင်းပွကြုတ်အပိုင်းတစ်ခု၊ ရွှေ၊ ငွေ၊ ကြေး ဗုဒ္ဓဆင်းတုတော်များအပါအဝင် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများကို တွေ့ရှိခဲ့သည်။ ခင်ဘကုန်းတူးဖော်မှုမှရရှိခဲ့သည့်ပစ္စည်းတချို့ကို သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် အများပြည်သူများကို ပြသထားသည်။

ပိဋကတ်တော်ပါဠိကောက်နုတ်ချက်များရေးသားထားသည့် ရွှေပေလွှာများကို ဌာပနာတိုက်၏အလယ်တွင်တွေ့ရှိခဲ့ရပြီး ရွှေပေလွှာအချပ် ၂၀ ထက် ခေတ်အနည်းငယ်နောက်ကျသော ဇောဓိပလ္လင်ခေါင်းပွငွေကြုတ်တစ်ခုကို ဌာပနာတိုက်အလယ်မှပင် တူးဖော်ရရှိခဲ့သည်။ ၎င်းငွေကြုတ်အဝိုင်းတွင် ပိဋကတ်တော်ကောက်နုတ်ချက်များ ရေးထိုးထားသည်။ ငွေကြုတ်သည် အမြင့် ၇၂ ဒသမ ၅ စင်တီမီတာ (၂ ဒသမ ၃၇ ပေ) ရှိပြီး ငွေကြုတ်ဝိုင်းပေါ်၌ ဇောဓိပင်ပတ်လည်ရှိ ကြာပလ္လင်များပေါ်တွင် ထိုင်တော်မူဗုဒ္ဓဆင်းတုတော်လေးဆူပုံကို ရုပ်ကြွထုလုပ်ထားသည်။ ဗုဒ္ဓရုပ်ပွားတော်များကို ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ထုလုပ်ထားပြီး ရုပ်ပွားတော်တစ်ဆူနှင့် တစ်ဆူကြားတွင် သာဝကတစ်ပါးစီက မတ်တတ်ရပ်နေကြသည်။

ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်းနှင့် ဗိဿနိုးတို့ကို ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)က ၂၀၁၄ ခုနှစ် ဇွန်လတွင် ကြေညာခဲ့ပြီးနောက် သရေခေတ္တရာမြို့ဟောင်းတွင် တည်ရှိပြီး ပျူယဉ်ကျေးမှုအထောက်အထားများကို ခင်းကျင်းပြသထားသည့် သီရိခေတ္တရာပြတိုက်ကို နိုင်ငံသားများအား အခမဲ့ဝင်ရောက်ခွင့်ပြုထားသည်။

ခင်ဘကုန်းသည် ကမ္ဘာ့အမွေအနှစ်နေရာဒေသကို သက်သေပြဖော်ညွှန်းသည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး (Outstanding Universal Value-OUV) အမှတ် (၂)ဖြစ်သည့် ဘာသာရေးဆိုင်ရာအဆောက်အအုံအတွင်း ယုံကြည်ကိုးကွယ်မှုအရ ဖန်တီးပြုလုပ်ထားသော ရုပ်လုံးရုပ်ကြွဝတ္ထုပစ္စည်းများ မြှုပ်နှံမှုစလေ့ရှိကြောင်း အထောက်အထားကိုတွေ့ရှိရသည့် နေရာတစ်ခုဖြစ်ပေသည်။

**ခင်ဘကုန်း မြေမီးဖုတ်ရုပ်ကြွ**

၁၉၂၆ ခုနှစ်တွင် ခင်ဘကုန်းကို ပထမဆုံးတူးဖော်ခဲ့စဉ်က ဌာပနာတိုက်ကို အဓိကတူးဖော်မှုပြုလုပ်ခဲ့သဖြင့် ကုန်းအလယ်မှထွက်ရှိလာခဲ့သည့် မြေကြီးများကို ဌာပနာတိုက်ပတ်လည်တွင်စွန့်ပစ်ခဲ့ရာ နှစ်ကာလကြာရှည်လာချိန်တွင် ခင်ဘကုန်းသည် ရေအိုင်တစ်ခုသဖွယ်ဖြစ်နေခဲ့ပြီး မိုးရာသီတွင် ရေများဝင်ရောက်လေ့ရှိခဲ့သည်။ ၂၀၁၆ ခုနှစ် တူးဖော်မှုတွင် ထိုမြေကြီးများကို အဆင့်လိုက်ဖယ်ရှား၍ ခင်ဘကုန်းရှိ မူလအဆောက်အအုံ၏ပန္နက်ရာကို ဖော်ထုတ်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ သရေခေတ္တရာဌာနစုမှ အင်ဂျင်နီယာဝန်ထမ်းများသည် ခင်ဘကုန်းတွင် လုပ်ငန်းများဆောင်ရွက်စဉ် ချောမောလှပသော အမျိုးသမီးတစ်ဦး၏ ဦးခေါင်းပုံပါရှိသည့် မြေမီးဖုတ်ရုပ်ကြွအကျိုးတစ်ခုကို ရရှိခဲ့သည်။ ၎င်းရုပ်ကြွကို အီတလီနိုင်ငံမှ ပညာရှင်များက သန့်စင်မှုပြုလုပ်ပေးခဲ့ပြီးနောက် ရုပ်ကြွ၏ ဦးခေါင်းပတ်လည်တွင် ရောင်ခြည်တော်စက်ဝန်းတစ်ခုနှင့်အတူ မကိုဋ်သရဖူ၊ နဖူးသင်းကျစ်တော်တို့ကို ထည့်သွင်းထုလုပ်ထားကြောင်း တွေ့ရှိခဲ့ကြသည်။ ရုပ်ကြွ၏ မျက်မှောင်နှစ်ဖက်ကြားတွင် ဥဏ္ဏာလုံမွေ့ရှင်တော်အရာကို တွေ့ရှိရသော်လည်း မည်သည့်ရုပ်တုကို ဖော်ညွှန်းကြောင်း မသိရှိခဲ့ချေ။

ခင်ဘကုန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှစ၍ တူးဖော်မှုများဆောင်ရွက်နေစဉ် တူးဖော်မှုကုန်းတောင်ဘက် အုတ်ရိုးတန်းအနီးမှ မြေမီးဖုတ်ရုပ်ကြွအကျိုးများကို ထပ်မံရရှိခဲ့သဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာန သရေခေတ္တရာဌာနစုရုံးတွင်



၂၀၁၆ ခုနှစ်တွင် ခင်ဘကုန်းမှရရှိခဲ့သည့် မြေမီးဖုတ်ရုပ်ကြွနှင့်ကြာပန်းဝိုင်းကို တွေ့ရစဉ်။

ထိန်းသိမ်းထားရှိပြီး ယခင်နှစ်ကရရှိခဲ့သော ဦးခေါင်းပုံရုပ်ကြွနှင့်ဆက်စပ်ကြည့်ရာ ထင်ရှားသောရုပ်ကြွတစ်ချပ်အဖြစ် ပုံပေါ်လာခဲ့သည်။ အုတ်ဘောင်ခတ်ထားသည့်ရုပ်ကြွ၏အရွယ်အစားသည် အလျားတစ်ပေကိုးလက်မနှင့် အနံ နှစ်ပေ ၁၀ လက်မရှိသည်။ ၎င်းရုပ်ကြွကို ပြည်ပ ပညာရှင်များနှင့်တွဲဖက်ကာ သန့်စင်မှုများပြုလုပ်ခဲ့ပြီး ယခုအခါတွင် သီရိခေတ္တရာပြတိုက်တွင်ပြသထားသည်။

ရုပ်ကြွတစ်ခုလုံး ထင်ရှားပေါ်လွင်လာသဖြင့် ရုပ်ကြွ၏ ဦးခေါင်းနှင့်ဆက်နေသည့် ကိုယ်လုံးသည် အမျိုးသမီးများကဲ့သို့ ရင်သားများဖြိုးမောက်နေခြင်းမရှိချေ။ လက်မောင်းနှစ်ဖက်လုံးတွင် လက်ကြပ်များဝတ်ဆင်ထားပြီး ယာဘက်လက်မောင်းတွင် လက်ကြပ်ပုံဖော်ထားမှုကို ရှင်းလင်းစွာမြင်ကြရသည်။ ရုပ်တုသည် မတ်တတ်ရပ်နေသည့်ပုံဖြစ်ပြီး ခါးစည်းစည်းကာ ရှေ့တွင် အမြိတ်ချထားသည်။

မတ်တတ်ရပ်နေသည့် ရုပ်ကြွသည် ယာဘက်မှ မျက်စိမှိတ်ထားသူကို တစ်စုံတစ်ခုပေးနေပြီး ရှေ့ဘက်မှ ကလေးငယ်တစ်ယောက်က လက်ဝါးဖြန့်ကာတစ်စုံတစ်ခုတောင်းနေသည့်ပုံကို ထုလုပ်ထားသဖြင့် ရာဟုလာအမွေတောင်းခန်းပုံဖြစ်မည်လားဟု တွေးတောနိုင်ပေသည်။ ပညာရှင်တချို့က အဆိုပါမြေမီးဖုတ်ရုပ်ကြွကို ဇောဓိသတ္တရုပ်ဟု ယူဆနိုင်ကြောင်းလည်း ပြောဆိုခဲ့သည်။

ရုပ်ကြွ၏ဦးခေါင်းပတ်လည်တွင် ဘုရားရှင်ရုပ်တုများတွင်သာ ထည့်သွင်းထုလုပ်လေ့ရှိသည့် ရောင်ခြည်တော်စက်ဝန်းပါရှိနေခြင်းနှင့် မျက်မှောင်နှစ်ခုကြား၌ ဥဏ္ဏာလုံမွေးရှင်တော်ပါရှိနေခြင်းကြောင့် ဘုရားရှင်ရုပ်တုဟုလည်း ယူဆနိုင်ဖွယ်ရှိခဲ့သည်။ ဘုရားလောင်းဇောဓိသတ္တများသည် ရောင်ခြည်တော်မလွှတ်နိုင်သကဲ့သို့ ဥဏ္ဏာလုံမွေးရှင်တော်လည်းမရှိပါချေ။ ထို့ပြင် ဇောဓိသတ္တရုပ်တုများတွင် ဆောင်းလေ့ရှိသည့် မကိုဋ်သရဖူ၏ထိပ်တွင် ဘုရားပုံတော်ကိုထည့်သွင်းထုလုပ်လေ့ရှိပြီး ဇောဓိသတ္တဘုရားလောင်းရုပ်တုများသည် အများအားဖြင့် ခြေတစ်ဖက်ချ၊ ခြေတစ်ဖက်ထောင်ကာ ထိုင်လေ့ရှိကြသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် ဘုရားလောင်းရုပ်တုကို ထုလုပ်ကိုးကွယ်မှုနည်းပါးသော်လည်း မဟာယာနဗုဒ္ဓဘာသာတွင် ဇောဓိသတ္တများထုလုပ်လေ့ရှိခဲ့ပြီး ဇောဓိသတ္တရုပ်တုများကို ရှေးဟောင်းသုတေသနတူးဖော်မှုများမှ ရရှိခဲ့သည်။ ယခုတွေ့ရှိရသည့် ခင်ဘကုန်းမြေမီးဖုတ်ရုပ်ကြွကို ဟိန္ဒူနတ်ဘုရားတစ်ပါး၏ရုပ်တုဟု ယူဆချက်များလည်းရှိနိုင်သည်။ သို့သော် ဟိန္ဒူနတ်ရုပ်များ၏ မျက်မှောင်တွင်ပါရှိသည့် အဝိုင်းငယ်သည် စက်ဝိုင်းသက်သက်မျှသာဖြစ်ပြီး ဥဏ္ဏာလုံမွေးရှင်တော်သည် လက်ယာရစ်ခရုပတ် ပတ်ပြီး အထက်သို့ အညွှန့်တက်နေသည့်ပုံဖြစ်သည်။ မည်သို့ပင်ဆိုစေ တူးဖော်ရရှိခဲ့သည့် မြေမီးဖုတ်ရုပ်ကြွတွင် နားရွက်သည်ပခုံးသို့ထိနေခြင်းမရှိသဖြင့် ပျူခေတ်လက်ရာတစ်ခုအဖြစ် ယူဆရပေသည်။ ကုန်းဘောင်ခေတ်လက်ရာနှင့် ရခိုင်ဒေသမှတွေ့ရှိရသည့် ဗုဒ္ဓရုပ်ပွားတော်လက်ရာများတွင် နားရွက်တော်သည် ပခုံးသို့ ထိနေလေ့ရှိသည်။

ခင်ဘကုန်းတူးဖော်မှုမှ အဆိုပါမြေမီးဖုတ်ရုပ်ကြွအပြင် မြေမီးဖုတ်ကြာပန်းဝိုင်းတစ်ခုကိုလည်း ရရှိခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ကြာပန်းပုံထုလုပ်ထားသည့် ငွေထည်ပစ္စည်းတစ်ခုကိုခင်ဘကုန်းမှရရှိခဲ့ရာ ကြာပန်းဝိုင်းနှစ်ခုသည် ပုံသဏ္ဌာန်တူညီကြပြီး မြေမီးဖုတ်ထားခြင်းနှင့် ငွေဖြင့်ပြုလုပ်ထားခြင်းသာကွာခြားသည်။

ခင်ဘကုန်းတူးဖော်မှု၏ တောင်ဘက်ဝင်ပေါက်နေရာရှိအုတ်ရိုးတွင် အုတ်သားကိုဝိုင်းစက်စွာထွင်းထားသည့် တိုင်ကျင်းရာများကို တွေ့ရှိရသည်။ ၎င်းအဝိုင်းပေါက်များသည် တစ်ချိန်က ခင်ဘကုန်းတွင်ရှိခဲ့သည့် အဆောက်အအုံ၏ မုခ်ပေါက်တိုင်နေရာများဖြစ်နိုင်သကဲ့သို့ မြေမီးဖုတ်ရုပ်ကြွများသည် အဆောက်အအုံကို မွမ်းမံအလှဆင်ထားသည့် တန်ဆာများဖြစ်နိုင်ကြောင်း ယူဆနိုင်ပေသည်။ ခင်ဘကုန်းအဆောက်အအုံပန္နက်၏လှေကားများသည် မတူးဖော်မီက ခန့်မှန်းခဲ့သကဲ့သို့ အတွင်းပိုင်းတွင်ရှိမနေဘဲ ပင်မအဆောက်အအုံ၏အပြင်သို့ထွက်နေကြောင်း တွေ့ရှိကြရသည်။


သရေခေတ္တရာသည် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သော မြို့ဟောင်းဖြစ်သကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာစာပေနှင့် ရုပ်ဝတ္ထုအထောက်အထားများစွာကိုတွေ့ရှိခဲ့သည့် နေရာလည်းဖြစ်သည်။ ပုဂံဘုရင်အနော်ရထာမင်းကြီးသည် ဗုဒ္ဓဘာသာပိဋကသုံးပုံကို သထုံမှ ပုဂံသို့ပင့်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားလာခဲ့ကြောင်း ယေဘုယျအားဖြင့် လက်ခံထားကြသော်လည်း ပိဋကသုံးပုံကောက်နုတ်ချက်များ ရေးထိုးထားသည့် ခင်ဘကုန်းရွှေပေလွှာအချပ် ၂၀၊ မောင်ကန် ရွှေပေလွှာနှစ်ချပ်နှင့် မောင်ကျော်ငြိမ်းရွှေပေလွှာများသည် ပုဂံခေတ်မတိုင်မီကပင် သရေခေတ္တရာတွင် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုရှိနေခဲ့ကြောင်း သက်သေပြနေသည်။

ခင်ဘကုန်းမှနောက်ဆုံးတွေ့ရှိခဲ့ရသည့် မြေမီးဖုတ်ရုပ်ကြွသည် ဗုဒ္ဓဘာသာဆိုင်ရာရုပ်တုသာဖြစ်ခဲ့မည်ဆိုပါက သရေခေတ္တရာသည် ပုဂံမတိုင်မီကပင် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း ကောက်ချက်ချ နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

**- သရေခေတ္တရာမြို့ဟောင်း (ဦးစိန်မောင်ဦး)**
**- ပျူစာခင်ဘရွှေပေလေ့လာချက် (ဒေါ်သန်းဆွေ)**
**- ပျူခေတ် မြေမီးဖုတ်ရုပ်ကြွများ (ကျော်မျိုးဝင်း၊ ရှေးဟောင်းသုတေသန)**
**- ကိုယ်တိုင်ကွင်းဆင်းမှတ်တမ်းများ**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့်ငှက်ပျောစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ငှက်ပျော ၂၈၇၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ငှက်ပျောစိုက်ပျိုးမှုကတော့ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီဒေသမှာတော့ ငှက်ပျောစိုက်ပျိုးမှုက ပုံမှန်အတိုင်းပါပဲ။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၃၄၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၂ ဧကနှင့် ပုလဲမြို့နယ်တွင် ၁၂၅ ဧက စုစုပေါင်း ၂၈၇၇ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ငှက်ပျောစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၂၈၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောစိုက် တောင်သူများအနေဖြင့် တစ်ဧကလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည်ထိ စိုက်ပျိုးစရိတ်မှာ ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးထွက်ရှိချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့် ရရှိကြောင်း သိရသည်။

(၂၀၆)

## အများကောင်းကျိုး ရွက်သယ်ပိုး

- သစ်ပင်ဝယ်ကြီး
ထိုသစ်သီးသည်
မှည့်ပြီးချိုလွင်
ရသာရွှင်လည်း
သစ်ပင်စားဖို့ မဟုတ်ချေ။

- မြစ်ချောင်းထဲတွင်
တသွင်သွင်ဖြင့်
စီးဝင်တည်နေ
ထိုသည့်ရေကို
မြစ်တွေသောက်ဖို့ မဟုတ်ချေ။

- နွားမနို့အုံ
ရသာရုံသို့
မွှေးထုံစိမ့်စွ
နို့ဖြူလွှကို
နွားမသောက်ဖို့ မဟုတ်ချေ။

- မြစ်ချောင်းသစ်ပင်
နွားမအသွင်သို့
ရှင်လူမခြား
အကျိုးများဖို့
ကိုယ့်အားကိုယ့်အင်
လှူလယှဉ်ကာ
တွင်တွင်အသုံးချသင့်တကား။ ။

**မင်းယဉ်စု**

# လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လင်းခေး ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါးဆိပ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမွှမ်းမံရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက ဒါးဆိပ်ကျေးရွာ၌ လမ်းအရှည်ပေ ၄၆၀၀၊ အကျယ် ၁၅ ပေ၊ မြေသားအမြင့်တစ်ပေခင်းခြင်း၊ လမ်းအကျယ် ၁၂ ပေနှင့် အမြင့်ကိုးလက်မ သဲဖြူနှံခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမွှမ်းမံရန်ပုံငွေကျပ် ၃၇ ဒသမ ၅၆၈၃ သန်းဖြင့် Eco Pure ကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဒါးဆိပ်ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာမည်ဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူထံမှ သိရသည်။

**အေးသူ**

# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်အသစ်ပြန်လည်ဖွဲ့စည်း

**စလင်း ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသည့် အရှေ့ကန်ဘောင်ကျေးရွာ၌ စီမံကိန်းကော်မတီဝင်အသစ် ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းတာဝန်ခံက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရန် အချက်များနှင့် ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ အတိုးနှုန်းသက်သာသည့်ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်၊ ရရှိလာသောအတိုးငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အထွေး**

# နိုင်ငံတကာ သတင်းများ

## ပရီဂိုဇင်၏ဈာပနအခမ်းအနားတက်ရောက်ရန် ရုရှားသမ္မတပူတင် အစီအစဉ်မရှိ

**မော်စကို ဩဂုတ် ၂၉**

ရုရှားသမ္မတ ပူတင်အနေဖြင့် ဝဂ္ဂနာ ပုဂ္ဂလိကလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင် ပရီဂိုဇင်၏ ဈာပန အခမ်းအနားသို့ တက်ရောက်ရန် စီစဉ်ထားခြင်းမရှိကြောင်း အေပီ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတပူတင်အနေဖြင့် ဝဂ္ဂနာ ခေါင်းဆောင် ပရီဂိုဇင်၏ဈာပန အခမ်းအနားသို့ တက်ရောက်မည် မဟုတ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ဗ်က အတည်ပြုခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင်ကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မြှုပ်နှံသဂြိုဟ်မည်ကို ဒီမီထရီ ပက်စကော့ဗ်က ထုတ်ဖော် ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့သော် အသက် ၆၂ နှစ်ရှိ ပရီဂိုဇင်ကို ယနေ့တွင် စိန့်ပီတာစဘတ်မြို့ ဆီရာဖီမော့ဗ်စ်စကိုယ် သုသာန်တွင် မြှုပ်နှံသဂြိုဟ်ဖွယ်ရှိကြောင်းရုရှားပြည်တွင်း၌ သတင်းများထွက်ပေါ်လျက်ရှိသည်။

အသက် ၆၂ နှစ်ရှိ ဝဂ္ဂနာ ခေါင်းဆောင် ပရီဂိုဇင်သည် ဩဂုတ် ၂၃ ရက်တွင် ဖြစ်ပွားခဲ့သည့် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသည်။

ဝဂ္ဂနာအုပ်စုသည် ရုရှား၏ ယူကရိန်း အထူးစစ်ဆင်ရေးများ၌ အဓိကနေရာတွင် ပါဝင်ခဲ့သည့် လက်နက်ကိုင် အင်အားစုဖြစ်ကြောင်း သိရသည်။

KKO

## ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအခွန်ဥပဒေကြမ်းတစ်ရပ်ကို နယူးဇီလန်နိုင်ငံက လွှတ်တော်သို့ တင်သွင်းရန်စီစဉ်

**ဝယ်လင်တန် ဩဂုတ် ၂၉**

၂၀၂၅ ခုနှစ်မှစ၍ နိုင်ငံတကာ ဒစ်ဂျစ်တယ် ကုမ္ပဏီကြီးများထံမှ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု အခွန် ကောက်ယူရေးအတွက် ဥပဒေကြမ်း တစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းရန် နယူးဇီလန်နိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ)၏ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဒစ်ဂျစ်တယ် အခွန်ကောက်ခံရေး ဆွေးနွေးပွဲများတွင် မည်သည့်ဘုံသဘောတူညီချက်မျှမရခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံက ကိုယ်ပိုင်ဒစ်ဂျစ်တယ်အခွန်ကောက်ခံရေး ဥပဒေကြမ်းကို အဆိုပြုတင်သွင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

နယူးဇီလန်အစိုးရ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု အခွန်ဥပဒေကြမ်းသည် နယူးဇီလန်အွန်လိုင်း သုံးစွဲသူများထံမှ ဝင်ငွေရနေသည့် နိုင်ငံတကာ ကုမ္ပဏီကြီးများကို အဓိကပစ်မှတ်အဖြစ် ထည့်သွင်းထားသော ဥပဒေကြမ်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းအရ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှု လုပ်ငန်း တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၁၂ သန်းအထက်ရှိသည့်ကုမ္ပဏီများ၊ နယူးဇီလန် သုံးစွဲသူများကိုပေးသည့်ဝန်ဆောင်မှုအတွက် တစ်နှစ်လျှင် နယူးဇီလန်ဒေါ်လာ ၃ ဒသမ ၅ သန်းအထက် ဝင်ငွေရှိသူလုပ်ငန်းများမှာ ဒစ်ဂျစ်တယ်အခွန်ပေးဆောင်ရန် လိုမည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းကိုလွှတ်တော်သို့ ဩဂုတ် ၃၁ ရက်တွင် တင်သွင်းမည်ဖြစ်သည်ဟု နယူးဇီလန်ဘဏ္ဍာရေးဝန်ကြီး ဂရန်ရောဘတ်ဆင်က အတည်ပြု ပြောကြားထားကြောင်း သိရသည်။

ခေတ်နောက်ကျနေသည့်ဒစ်ဂျစ်တယ်ဝန်ဆောင်မှု အခွန်စည်းမျဉ်းများကြောင့်အက်ပဲလ်နှင့်အမေဇုန်ကဲ့သို့ နိုင်ငံတကာဒစ်ဂျစ်တယ် ကုမ္ပဏီကြီးများမှာ အခွန်နည်းပါးသည့်နိုင်ငံများ၌ အကျိုးအမြတ်များစွာရယူနေကြောင်း သိရသည်။

KKO

STOP COVID-19

## အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဗီယက်နမ်နိုင်ငံသို့ လာမည့် စက်တင်ဘာ ၁၀ ရက်တွင် သွားရောက်မည်



**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည်လာမည့်လအတွင်း ဗီယက်နမ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင် အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ စက်တင်ဘာ ၁၀ ရက်တွင် သွားရောက်၍ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန်း အပါအဝင် ဗီယက်နမ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တင်းမာနေချိန်တွင် အမေရိကန်နိုင်ငံသည် ဗီယက်နမ်ကို အဓိက အာရှ-ပစိဖိတ် မဟာမိတ်တစ်ဦး အဖြစ်ရှုမြင်ထားပြီး ဗီယက်နမ်နှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

သမ္မတဂျိုးဘိုင်ဒင်သည်အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်ထိ ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ပြီးနောက် ဗီယက်နမ်သို့ဆက်လက်သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ဆက်ဆံရေး မြှင့်တင်လိုသည့်တိုင် ဗီယက်နမ်နိုင်ငံသည်လည်း အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ဆက်ဆံရေးအခြေအနေကိုလည်း ထိန်းညှိထားရန် ကြိုးစားနေရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဗီယက်နမ်ခရီးစဉ်ပြီးဆုံးချိန်တွင် အလာစကာပြည်နယ်သို့ သွားရောက်၍ ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

KKO

## ပြိုင်ဘက်ရန်သူများ၏ကျူးကျော်ရေးအကြံအစည်ကို တားဆီးရေးအတွက် အမြဲအသင့်ပြင်ထားရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စစ်ဘက်ကိုတိုက်တွန်း

**ပြုံယမ်း ဩဂုတ် ၂၉**

မြောက်ကိုရီးယားကိုကျူးကျော်မည့် ပြိုင်ဘက်ရန်သူများ၏ အကြံအစည်များကို တားဆီးရေးအတွက် အမြဲတစေ အသင့်ပြင်ထားရန် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က စစ်ဘက်ကို ဩဂုတ် ၂၈ ရက်တွင် တိုက်တွန်းခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့က ၎င်းတို့၏ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုများကို စတင်ခဲ့သည့်နေ့မှာပင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် သုံးနိုင်ငံ ရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို ဩဂုတ် ၂၈ ရက်တွင် ကိုရီးယားကျွန်းဆွယ် ကမ်းလွန်၌ စတင်ခဲ့ကြသည်။

အမေရိကန်နှင့် မဟာမိတ်များသည် ကိုရီးယားကျွန်းဆွယ် ကမ်းလွန်ရေပြင်ကို ချူကလီးယားစစ်ပွဲအန္တရာယ်ကြောင့် တည်ငြိမ်မှုမရှိသည့်ဒေသအဖြစ် ပြောင်းလဲဖန်တီးနေကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က မြောက်ကိုရီးယားရေတပ် ဖွဲ့စည်းတည်ထောင်မှုနှစ်ပတ်လည်မိန့်ခွန်း၌ ဝေဖန်ခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် မဟာမိတ်များ၏ ကိုရီးယားကျွန်းဆွယ် စစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်မှုအဖြစ် သတ်မှတ်ထားသည်။

သို့သော် မိမိတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများမှာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးကို ရည်ရွယ်သည့် စစ်ရေး လေ့ကျင့်မှုများသာဖြစ်သည်ဟု အမေရိကန်နှင့် မဟာမိတ်များက ပြောကြားထားကြောင်း သိရသည်။

KKO

## ဆီးရီးယားဘက်မှဝင်ရောက်လာသည့် မောင်းသူမဲ့လေယာဉ်ကို ဂျော်ဒန်စစ်ဘက် ပစ်ချ

**အမ္မန် ဩဂုတ် ၂၉**

ဆီးရီးယားနိုင်ငံဘက်မှဂျော်ဒန်နိုင်ငံအတွင်းသို့ ပျံသန်းလာသည့် မောင်းသူမဲ့ လေယာဉ်တစ်စင်းကို ဂျော်ဒန်စစ်ဘက်က ဩဂုတ် ၂၈ ရက်တွင်ပစ်ချခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျော်ဒန်စစ်ဘက်သည် ယခုလတစ်လတည်းမှာပင် တတိယအကြိမ်မြောက်အဖြစ် ဆီးရီးယားနိုင်ငံဘက်မှဝင်ရောက်လာသည့် မောင်းသူမဲ့ လေယာဉ်တစ်စင်းကို ပစ်ချခဲ့ရခြင်းဖြစ်သည်။

ဩဂုတ် ၂၈ ရက်တွင် ပစ်ချခဲ့သည့် မောင်းသူမဲ့လေယာဉ်၌ မည်သည့်ပစ္စည်းများ သယ်ဆောင်လာသည်ကို ဂျော်ဒန်စစ်ဘက်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့သော် မကြာသေးမီကာလအတွင်း ဆီးရီးယားနှင့် ဂျော်ဒန် နယ်စပ်တစ်လျှောက်၌ မူးယစ်မှောင်ခိုတင်သွင်းမှုအပြင်လက်နက်မှောင်ခိုတင်သွင်းမှုလည်း မြင့်တက်လာသည်ဟု ဂျော်ဒန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံသည် အမ်ဖက်တမင်း မူးယစ်ဆေးဝါးများကို ထုတ်လုပ်၍ ဂျော်ဒန်နိုင်ငံကိုကြားခံထားပြီး ပင်လယ်ကွေ့နိုင်ငံများသို့မှောင်ခိုပို့ဆောင်နေသည်ဟု အာရပ်နိုင်ငံများနှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားကြောင်း သိရသည်။

သို့သော် အဆိုပါစွပ်စွဲချက်ကို သမ္မတ အာဆတ် ဦးဆောင်သည့် ဆီးရီးယားအစိုးရက ငြင်းဆိုထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယနိုင်ငံ၏ ပထမဆုံး နေလေ့လာရေးအာကာသယာဉ်ကို စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်မည်



**နယူးဒေလီ သြဂုတ် ၂၉**

အိန္ဒိယနိုင်ငံ၏ ပထမဆုံး နေလေ့လာရေးအာကာသယာဉ်ကို စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က သြဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားကြောင်း သိရသည်။

အဒိတျာ-အယ်လ် ၁ ဟူ၍ အမည်ပေးထားသည့် အဆိုပါနေလေ့လာရေးအာကာသယာဉ်ကို ဆရီဟာရီကိုတာ အာကာသစခန်းမှတစ်ဆင့် ပီအက်စ်အမ်လ်ဗွီဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် အဒိတျာ-အယ်လ် ၁ သည် ကမ္ဘာမြေနှင့် မိုင် တစ်သန်းအကွာတွင်ရှိသည့် ပတ်လမ်းပေါ်တွင် နေရာယူရမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအာကာသအေဂျင်စီ၏ အဆိုအရ အဒိတျာ-အယ်လ် ၁ အာကာသယာဉ်တွင် နေစူးစမ်းလေ့လာရေး ခုနစ်ခု တပ်ဆင်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း- ၃ လဆင်းယာဉ်မစ်ရှင် အောင်မြင်ခဲ့ပြီးနောက် အဒိတျာ-အယ်လ်-၁ မစ်ရှင်ကို လွှတ်တင်ကူညီထားခြင်းဖြစ်ကြောင်း သိရသည်။

အဒိတျာ-အယ်လ် ၁ သည် နေ၏ အပြင်လေထုလွှာသဘာဝကို အဓိကစူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ အမြင့်ဆုံးတောင်ဖြစ်သော အိုလန်ပတ်မွန်းစ်တောင်ကို တစ်ချိန်သောအခါက ရေများပတ်ပတ်လည်ဝန်းရံခဲ့ဖွယ်ရှိ

**ဝါရှင်တန် သြဂုတ် ၂၉**

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ အမြင့်ဆုံးတောင်ဖြစ်သော အိုလန်ပတ်မွန်းစ်တောင်ကို တစ်ချိန်သောအခါက ရေများပတ်ပတ်လည်ဝန်းရံခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က သြဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အိုလန်ပတ်မွန်းစ်တောင်၏ မြောက်ဘက်ခြမ်းရှိ မြေပြိုမှုများကို လေ့လာခဲ့ပြီးနောက် အထက်ပါအဆိုပြုချက်ကို အမေရိကန်သိပ္ပံပညာရှင်များက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုလန်ပတ်မွန်းစ်တောင်မြောက်ဘက်ရှိ မြေလွှာတွန့်ရာများသည် မြေပြိုမှု၏ အကျိုးဆက်အဖြစ် တောင်ထိပ်ပေါ်မှ တောင်အောက်ရှိ ရေခဲလွှာနှင့်ရေထုအတွင်း ကျဆင်းဝင်ရောက်သွားသည့် ချော်ရည်များကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။




အိုလန်ပတ်မွန်းစ်တောင်၏ မြောက်ဘက်ခြမ်း မြေလွှာတွန့်ရာနယ်မြေအထောက်အထားအရ တစ်ချိန်သောအခါက အိုလန်ပတ်မွန်းစ်တောင်ကို ရေပတ်လည်ဝိုင်းရံခဲ့ဖွယ်ရှိသည်ဟု တွေ့ရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အိုလန်ပတ်မွန်းစ်တောင် မြေလွှာတွန့်ခေါက်ရာများအနက် အချို့မှာ အိုလန်ပတ်မွန်းစ်တောင်နှင့် ၆၂၁ မိုင်အကွာထိ ဖြန့်ကြက်တည်ရှိနေကြောင်း သိရသည်။

အဆိုပါ မြေလွှာတွန့်ခေါက်ရာဓာတ်ပုံများကို ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက် အာကာသယာဉ်က ယခုနှစ် ဇန်နဝါရီလတွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အမေရိကန်နိုင်ငံအခြေစိုက် ဟားဂျင်းဂလက်စတစ်ကုမ္ပဏီက ဂလက်စတစ်-၀၃ အာကာသခရီးသွားမစ်ရှင်ကို စက်တင်ဘာ ၈ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် သြဂုတ် ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် ဗားဂျင်းဂလက်စတစ်ကုမ္ပဏီသည် ဂလက်စတစ်-၀၃ ဟူ၍ အမည်ပေးထားသော အာကာသခရီးသွားမစ်ရှင်ကို လာမည့်စက်တင်ဘာ ၈ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က သြဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဂလက်စတစ်-၀၃ မစ်ရှင်တွင် အာကာသခရီးသည် သုံးဦး အခကြေးငွေပေး၍ လိုက်ပါမည်ဖြစ်ကြောင်း ဗားဂျင်းဂလက်စတစ်ကုမ္ပဏီ၏အဆိုအရ သိရသည်။

ဗားဂျင်းဂလက်စတစ်ကုမ္ပဏီကို အဆိုပါအာကာသခရီးသည် သုံးဦးကို ဗွီအက်စ်အက်စ် ယူနတီအမည်ရှိ အာကာသယာဉ်ပျံဖြင့် အာကာသဟင်းလင်းပြင်အနားသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

ဗွီအက်စ်အက်စ်ယူနတီဖြင့် လိုက်ပါမည့် အာကာသခရီးသည်များသည် ဗားဂျင်းဂလက်စတစ်၏ ၁၄ ဦးမြောက်၊ ၁၅ ဦးမြောက်နှင့် ၁၆ ဦးမြောက် ဖောက်သည်များ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဂလက်စတစ်-၀၃ မစ်ရှင်အတွင်း ဗားဂျင်းဂလက်စတစ်ကုမ္ပဏီသည် ဗွီအက်စ်အက်စ် ယူနတီအာကာသယာဉ်ပျံကို ဗွီအမ်အက်စ်-၂၀ အမည်ရှိ လေယာဉ်မှတစ်ဆင့် ပစ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

ဂလက်စတစ်-၀၃ သည် ဗားဂျင်းဂလက်စတစ်ကုမ္ပဏီ၏ တတိယမြောက် အာကာသခရီးသွားမစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## Durvalumab ဆေးက အူမကြီးကင်ဆာလူနာတချို့အတွက် အကျိုးရှိနိုင်

**လန်ဒန် သြဂုတ် ၂၉**

ခုခံအားစနစ်ဆေး Durvalumab သည် အူမကြီးကင်ဆာရောဂါသည် တချို့ကို ခွဲစိတ်ကုသမှုခံယူရမည့်အရေးမှ ကင်းလွတ်စေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆို ကိုကိုးကား၍ The Daily Mail သတင်းစာက သြဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Durvalumab အမည်ရှိ အဆိုပါဆေးသစ်သည် အူမကြီးအောက်ပိုင်းရှိ ကင်ဆာဆဲလ်များကိုဖျက်ဆီးရာတွင် အထောက်အကူပြုကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဓာတ်ရောင်ခြည်ကုထုံး၊ ဓာတုကုထုံးများနှင့် တွဲသုံးချိန်တွင် Durvalumab သည် အူမကြီးအောက်ပိုင်းကင်ဆာဆဲလ်များကို ရှင်းလင်းပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Durvalumab ဆေးကြောင့် အူမကြီးအောက်ပိုင်းဖြတ်တောက်ဖယ်ထုတ်ခံရမည့် အရေးကို ရှောင်ရှားနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အူမကြီးအောက်ပိုင်းကင်ဆာလူနာများအနက် ထက်ဝက်ခန့်မှာ ကင်ဆာဆဲလ်များ ပျံ့နှံ့နေသော အူမကြီးအောက်ပိုင်းကို ဖြတ်ထုတ်ဖယ်ရှားထားကြရသည်။

သို့ရာတွင် အချို့သောအူမကြီးအောက်ပိုင်း ကင်ဆာလူနာများအတွက် အလွန်ထိရောက်မှုရှိပြီး အူမကြီးအောက်ပိုင်း ဖယ်ရှားခံရမည့်အရေးကို တားဆီးပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## ၂၀၅၀ ပြည့်နှစ်တွင် အသက် ၃၀ အထက် လူပေါင်း တစ်ဘီလီယံခန့် အရိုးဆက်ရောင်ရမ်းနာရောဂါခံစားရမည်

**နယူးယောက် သြဂုတ် ၂၉**

၂၀၅၀ ပြည့်နှစ်အရောက်တွင် အသက် ၃၀ အထက် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်း သို့မဟုတ် လူပေါင်း တစ်ဘီလီယံခန့်ထိ အရိုးဆက်ရောင်ရမ်းနာရောဂါ Costeoarthritis ကို ခံစားကြရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆို ကိုကိုးကား၍ The Daily Mail သတင်းစာက သြဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အရိုးဆက်ရောင်ရမ်းနာရောဂါလူနာအရေအတွက် မြင့်မားလာနိုင်ရခြင်း၏ အဓိကအကြောင်းမှာ လူသားများ အဝလွန်ခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၂၀၀ ကျော်တို့မှ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြား ရရှိထားသည့် အရိုးဆက်ရောင်ရမ်းမှုရောဂါဖြစ်ပွားမှုဆိုင်ရာ အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အသက်အရွယ်ကြီးရင့်သူ ဦးရေတိုးလာမှု၊ လူဦးရေတိုးလာမှုနှင့် အဝလွန်မှုပြဿနာတို့ကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ အရိုးဆက်ရောင်ရမ်းနာရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

မိမိတို့၏တွေ့ရှိချက်အရ ၁၉၉၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ အရိုးဆက်ရောင်ရမ်းနာလူနာ ၂၅၆ သန်းထိသာရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၅၉၅ သန်းထိရှိလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Solheim Cupဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်း၌ အလီယွန်၊ ရှိုင်ယန်နိုက်နှင့် အန်ဂျယ်ယင်တို့ ရွေးချယ်ခံရ




**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန် အမျိုးသမီး ဂေါက်သီးရိုက်အသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ စတေစီလူးဝစ်က စက်တင်ဘာလတွင် ကျင်းပမည့် Solheim Cupဂေါက်သီးရိုက်ပြိုင်ပွဲဝင် အမေရိကန်အသင်းတွင် Captain's Pick အခွင့်အရေးအရအမေရိကန်အသင်းတွင် အလီယွန်၊ ရှိုင်ယန်နိုက်နှင့် အန်ဂျယ်ယင်တို့ကိုရွေးချယ်ခဲ့ကြောင်း Planet Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတေစီလူးဝစ်သည် အဆိုပါဂေါက်သီးရိုက်မယ် သုံးဦးကို Wild Card အခွင့်အရေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကစားသမားများရွေးချယ်ရာတွင် ခက်ခဲနေခဲ့ရာ အသင်းအတွက် အကောင်းဆုံးဖြစ်မည့် ကစားသမားကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကစားသမားရွေးချယ်မှုစည်းမျဉ်းအရ တစ်နှစ်တာအတွင်း ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရလဒ်များအရ အမှတ်ပေးဇယားတွင် အဆင့်သတ်မှတ်ထားပြီး အမှတ်ပေးဇယား အဆင့်(၇)အတွင်း ရပ်တည်နေသော ကစားသမားများသည် အသင်းတွင်အလိုအလျောက် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး Rolex World Ranking မှ ကစားသမားနှစ်ဦးအပြင် ကျန်သုံးဦးကို Captain's Pick အနေဖြင့် အသင်းခေါင်းဆောင်စိတ်ကြိုက်ကစားသမားများကို ရွေးချယ်ခြင်းဖြစ်သည်။

စတေစီလူးဝစ်က "Captain's Pick ရွေးချယ်ရတာက ကျွန်မရဲ့ဘဝမှာ အခက်အခဲဆုံးအလုပ်နဲ့ အခက်အခဲဆုံး ဆုံးဖြတ်ချက်ကို ချမှတ်ရတာဖြစ်ပါတယ်။ အသင်းမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အရည်အချင်းရှိတဲ့ ကစားသမားတွေ အများကြီးရှိနေတယ်။ ဒါပေမဲ့ သုံးဦးပဲရွေးချယ်ခွင့်ရှိတဲ့အတွက် အလီယွန်၊ ရှိုင်ယန်နိုက်နဲ့ အန်ဂျယ်ယင်တို့ကိုရွေးချယ်လိုက်ပါတယ်။ အလီယွန်၊ ရှိုင်ယန်နိုက်နဲ့ အန်ဂျယ်ယင်တို့အတွက် ဂုဏ်ယူပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း အမေရိကန်ဂေါက်သီးရိုက်မယ်တော်တော်များများက စွမ်းဆောင်ရည်ကောင်းတွေ ပြသလာနိုင်တာကို သတိထားမိတယ်။ အရင်တုန်းကထက်ပိုကောင်းလာကြပါတယ်။ ကစားသမားကောင်းတွေစုစည်းထားတဲ့ အမေရိကန်အသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဥရောပမြေမှာ အမေရိကန်အသင်းအတွက် အောင်မြင်မှုတွေ ဆွတ်ခူးနိုင်မယ်လို့ယုံကြည်မျှော်လင့်ပါတယ်။ ရွေးချယ်ခံထားရတဲ့ ကစားသမားတွေကလဲ အမေရိကန်နိုင်ငံရဲ့ ဂုဏ်ကိုဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဆာလာဟ်နှင့် ဂိုမက်ဇ်တို့ကို ရောင်းချမည် မဟုတ်ကြောင်း လီဗာပူးအသင်းထုတ်ပြန်

**လန်ဒန် ဩဂုတ် ၂၉**


ဆော်ဒီအာရေဗျကလပ် အယ်အီတီဟတ်အသင်းက တိုက်စစ်မှူး ဆာလာဟ်နှင့် ခံစစ်ကစားသမား ဂိုမက်ဇ်တို့ကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း လီဗာပူးအသင်းက ရောင်းချမည်မဟုတ်ဟု တရားဝင်ထုတ်ပြန်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီပရိုလိဂ် လက်ရှိချန်ပီယံ အယ်အီတီဟတ် အသင်းသည် ဆာလာဟ်နှင့် ဂိုမက်ဇ်တို့ကိုမြင့်မားသည့် လုပ်ခလစာဖြင့် တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့သော်လည်း လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် အဆိုပါကစားသမားများကို ရောင်းချမည်မဟုတ်ကြောင်းအတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆန်းတို့စ်တာဝန်ယူနေသည့် အယ်အီတီဟတ်အသင်းသည် ဥရောပ ကလပ်အသင်းများမှကစားသမားများကို ခေါ်ယူလျက်ရှိရာ လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား ဖာဘင်ဟိုကိုလည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအခါ ဆာလာဟ်နှင့် ဂိုမက်ဇ်တို့ကို ထပ်မံ ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ လီဗာပူးအသင်းက ငြင်းပယ်ခဲ့သည်။

လီဗာပူးအသင်းသည် လက်ရှိနွေရာသီအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူး ဖာမင်နိုကို အယ်လာလီအသင်းသို့လည်းကောင်း၊ ကွင်းလယ်ကစားသမား ဟန်ဒါဆင်ကို နည်းပြဂျရတ် တာဝန်ယူနေသည့် အယ်အီတီဖတ်အသင်းသို့ လည်းကောင်း၊ ဖာဘင်ဟိုကို အယ်အီတီဟတ်အသင်းသို့လည်းကောင်း ရောင်းချခဲ့ပြီးနောက် ယခုအခါအသင်းမှ ကစားသမားများကို ထပ်မံရောင်းချရန် အစီအစဉ်မရှိတော့ဘဲ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML




# ချန်ပီယံရှစ်ကလပ်မှ ကစားသမားနှစ်ဦးထိခေါ်ယူနိုင်ရန် ဖူလ်ဟမ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၂၉**

ဖူလ်ဟမ်အသင်း နည်းပြ မာကိုစ်ဆေးဗားသည် ချန်ပီယံရှစ်ပြိုင်ပွဲမှကလပ်အသင်းများဖြစ်သည့် လက်စတာအသင်း ခံစစ်ကစားသမား ကတ်စတာနီနှင့် ဆွမ်ဆီးအသင်း ဂိုးသမား စတီဗင်ဘန်ဒါတို့ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်စတာအသင်းသည် ခံစစ်ကစားသမား ကတ်စတာနီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ ဒသမ ၅ သန်းရရှိပါကလက်လွှတ်သွားမည်ဖြစ်သောကြောင့် ဖူလ်ဟမ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အပြီးသတ်စာချုပ်ချုပ်နိုင်ရန် သေချာနေပြီး ဆွမ်ဆီးအသင်း ဂိုးသမားဘန်ဒါကိုလည်း ခေါ်ယူရန် သဘောတူညီမှုရယူနိုင်ခဲ့သည်။

အသက် ၂၇ နှစ်ရှိ ခံစစ်ကစားသမား ကတ်စတာနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ ၄၂ ပွဲ ပါဝင်ကစားနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပြီးနောက် ဖူလ်ဟမ်အသင်းက ကတ်စတာနီ၏ စွမ်းဆောင်ရည်ပိုင်းကို နှစ်သက်နေသောကြောင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် အသက် ၂၄ နှစ်ရှိ ဘန်ဒါသည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဆွင်ဒန်အသင်းနှင့် ပီတာဘရော့အသင်းတို့တွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရာတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ယခုအခါ ဒဏ်ရာပြဿနာကြောင့် အနားယူနေရသော်လည်း နည်းပြမာကိုစ်ဆေးဗားက ကစားသမားနှစ်ဦးစလုံးကို ယနေ့တွင် ဆေးစစ်မှုပြုလုပ်ရန် စီစဉ်နေသည်။

ဖူလ်ဟမ်အသင်းသည် ဝုဗ်အသင်းမှ တိုက်စစ်မှူး ဂျီမီနက်ဇ်၊ ခံစစ်ကစားသမား ဘက်ဆေးနှင့် တောင်ပံကစားသမား ထရာအိုရေးတို့ကိုခေါ်ယူနိုင်ခဲ့သော်လည်း နည်းပြမာကိုစ်ဆေးဗားက ကစားသမားအင်အား ထပ်မံဖြည့်တင်းလိုသောကြောင့် ကတ်စတာနီနှင့် ဘန်ဒါတို့ကိုခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက ကွင်းလယ်ကစားသမား ဟော့ဂျက်ကို သုံးနှစ်သက်တမ်းတိုးပြီးနောက် ရောင်းချရန်ပြင်ဆင်နေသောကြောင့် မန်ယူအသင်းနည်းပြ တန်ဟတ်က ၎င်းကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- အဲဗာတန်အသင်းက အူဒီးနီးစ်အသင်းတိုက်စစ်မှူး ဘီတိုကို စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် အဲဗာတန်အသင်းသို့ ရောက်ရှိနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ခံစစ်ကစားသမား ကန်ဆယ်လိုကို အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက စတာလင်ပေါင် သန်း ၃၀ ဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါရှိကြောင်း သိရသည်။
- မန်စီးတီးအသင်းက ဝုဗ်အသင်း ကွင်းလယ်ကစားသမား မာသီးယက်နူနက်ကို ယူရို သန်း ၆၀ နှင့် အပိုဆုကြေးပါဝင်သည့် ကမ်းလှမ်းချက်ဖြင့် ထပ်မံကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ML


# ဘာစီလိုနာအသင်းက ဂါစီယာကို ဂျီရိုနာအသင်းသို့ အငှားစေလွှတ်ရန် ပြင်ဆင်ထားသော်လည်း နည်းပြဇာဗီ၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေရ

**ဘာစီလိုနာ ဩဂုတ် ၂၉**

ဘာစီလိုနာအသင်းသည်အသင်းမှ ခံစစ်ကစားသမား ဂါစီယာကို ဂျီရိုနာအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ရန် သဘောတူညီမှုရရှိခဲ့ပြီး နည်းပြဇာဗီ၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေရကြောင်း Barca-blaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာသည် ခံစစ်ပိုင်းတွင် အာရှူဂျို၊ ခွန်ဒီ၊ အင်နီဂိုမာတီနက်ဇ်၊ ခရစ္စတန်ဆန်တို့နှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်နေရကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်းပွဲထွက်ခွင့် ပျောက်ဆုံးခဲ့ကာ လူစားဝင်ကစားသမားအဖြစ် ပါဝင်နေရသောကြောင့် ပုံမှန်ပွဲကစားခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဂါစီယာသည် ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲတွင် ဂီတာဖေးအသင်းနှင့် အဖွင့်ပွဲစဉ်တွင် ရှိမီယူ၏နေရာ၌ လူစားလဲကစားခွင့်ရရှိခဲ့သည့်အပြင် ကာဒီဇက်အသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင်လည်း ခရစ္စတန်ဆန်၏နေရာတွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခဲ့ပြီး နည်းပြဇာဗီ၏ ယုံကြည်မှုကိုရရှိနေသူဖြစ်သည်။




လက်ရှိတွင် ဂါစီယာသည် ပုံမှန်ပွဲကစားခွင့်ရရှိမည့် ဂျီရိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားသော်လည်း နည်းပြဇာဗီ၏ ဆုံးဖြတ်ချက်ကိုစောင့်ဆိုင်းနေရပြီး နည်းပြအနေဖြင့် ထွက်ခွာခွင့်ပေးပါက ဂျီရိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ML

# ၂၀၂၃ အေအက်ဖ်စီဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များရေးဆွဲအပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ဩစတြေးလျကလပ် Macarthur FCအသင်းတို့ စတင်ကစားသွားရမည်



**ရန်ကုန် ဩဂုတ် ၂၉**

အာရှဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် ၂၀၂၃ အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များရေးဆွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက်တွင် ဩစတြေးလျကလပ် Macarthur FCအသင်းနှင့် စတင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့်အတွက် အေအက်ဖ်စီဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး အုပ်စု (F) တွင် ဩစတြေးလျကလပ် Macarthur FC အသင်း၊ ဖိလစ်ပိုင်ကလပ် Dynamic Herb အသင်း၊ ကမ္ဘောဒီးယားကလပ် Phnom Penh Crown FCအသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုသုံးပွဲကို အိမ်ကွင်းတွင်ကစားရမည်ဖြစ်ပြီး ကျန်သုံးပွဲကို အဝေးကွင်းတွင်ကစားရမည်ဖြစ်သည်။

အေအက်ဖ်စီဖလားပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းတွင်စတင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်တွင် Macarthur FC အသင်းနှင့်ကစားပြီးလျှင် အုပ်စုပွဲစဉ်(၂)ကို အောက်တိုဘာ ၅ ရက်တွင် အဝေးကွင်းပွဲစဉ်အဖြစ် Phnom Penh Crown FC အသင်းနှင့် လည်းကောင်း၊ အုပ်စုပွဲစဉ်(၃)ကို အောက်တိုဘာ ၂၆ ရက်တွင် အဝေးကွင်းပွဲစဉ်အဖြစ် Dynamic Herb အသင်းနှင့် လည်းကောင်း၊ အုပ်စုပွဲစဉ်(၄)ကို နိုဝင်ဘာ ၉ ရက် အိမ်ကွင်းတွင် Dynamic Herb အသင်းနှင့်လည်းကောင်း၊ အုပ်စုပွဲစဉ်(၅)ကို နိုဝင်ဘာ ၃၀ ရက်တွင် အဝေးကွင်းပွဲစဉ်အဖြစ် Macarthur FC အသင်းနှင့်လည်းကောင်း၊ အုပ်စုပွဲစဉ်(၆)အုပ်စုနောက်ဆုံးပွဲစဉ်ကို ဒီဇင်ဘာ ၁၄ ရက်တွင် အိမ်ကွင်းပွဲစဉ်အဖြစ် Phnom Penh Crown FCအသင်းနှင့်လည်းကောင်း ကစားသွားမည်ဖြစ်ပြီး အိမ်ကွင်းတွင် လက်ခံကစားမည့်ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ည ၆ နာရီခွဲတွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# US Openပြိုင်ပွဲ ပထမအဆင့်တွင် ကပ်စပါရုဒ်နှင့် စတီဖာနို့စ်တို့ နိုင်ပွဲကိုယ်စီရရှိ

**နယူးယောက် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲပထမအဆင့်ပွဲစဉ်များ ကစားခဲ့ရာ နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ဂရိတင်းနစ်ကစားသမားစတီဖာနို့စ်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ ပထမအဆင့်ပွဲစဉ်အဖြစ် ကပ်စပါရုဒ်သည် အမေရိကန်တင်းနစ်ကစားသမား အီမီလီယိုနာဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကပ်စပါရုဒ်က (၇-၆၊ ၃-၆၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး စတီဖာနို့စ်သည် ကနေဒါတင်းနစ်ကစားသမား ရာအိုနစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၆-၂၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နာမည်ကြီး ကစားသမားနှစ်ဦးတွေ့ဆုံခဲ့သည့် စတီဖာနို့စ်နှင့် ရာအိုနစ်တို့ပွဲစဉ်သည် ပိုမိုအကြိတ်အနယ်ရှိမည်ဟု ခန့်မှန်းချက်ထွက်ပေါ်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရသည့် ရာအိုနစ်သည် ပုံစံကောင်းပျောက်ဆုံးနေပြီး သုံးပွဲပြတ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရကာ ကပ်စပါရုဒ်နှင့် အီမီလီယိုနာဗာတို့ပွဲစဉ်က အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ပထမအဆင့်၏ အကောင်းဆုံးပွဲစဉ်ဖြစ်ခဲ့သည်။

ကပ်စပါရုဒ်က "ကစားသမားဘဝသက်တမ်းတစ်လျှောက် နိုင်ပွဲ ၂၀၀ ပြည့်မြောက်ခဲ့လို့ ဂုဏ်ယူပါတယ်။ ပထမအဆင့်ပွဲစဉ်က ကျွန်တော့်အတွက် ခက်ခက်ခဲခဲ ကစားခဲ့ရတဲ့ပွဲစဉ်ပါ။ အီမီလီယိုကလဲ ဒုတိယအဆင့်ကို တက်ရောက်နိုင်မဲ့ အခွင့်အရေးတွေရရှိခဲ့ပါတယ်။ ဒုတိယအဆင့်မှာ ဒီထက်ပိုကောင်းအောင် ကစားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# အင်တာမီယာမီအသင်း စက်တင်ဘာလအတွင်း မက်ဆီကို လက်လွှတ်သွားရမည်

**မီယာမီ ဩဂုတ် ၂၉**

အင်တာမီယာမီအသင်း အနေဖြင့် လာမည့်စက်တင်ဘာလအတွင်း အာဂျင်တီးနားအသင်း၏ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များကြောင့် အဓိကတိုက်စစ်ကစားသမား မက်ဆီကို လက်လွှတ်သွားရမည်ဖြစ်ကြောင်း 90Min သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ၌ ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာလမ်းခွဲခဲ့ပြီးနောက် အင်တာမီယာမီအသင်းသို့အလွတ်ပြောင်းရွှေ့ကြေးဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ကစားခဲ့သူဖြစ်သည်။

မက်ဆီသည် အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးတစ်လမပြည့်မီမှာပင် မေဂျာလိဂ်ရှုံးထွက်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ယူအက်စ်အိုးပင်း ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲစဉ်ထိ တက်ရောက်အောင် စွမ်းဆောင်ထားနိုင်ခဲ့သူဖြစ်သည်။

အင်တာမီယာမီအသင်းအနေဖြင့် မက်ဆီမပြောင်းရွှေ့လာမီက ရလဒ်ပိုင်းမတည်ငြိမ်မှုများနှင့် ရုန်းကန်နေရသော်လည်း မက်ဆီပြောင်းရွှေ့လာခဲ့ပြီးနောက် အသင်းအနေဖြင့် ရလဒ်များ ဆက်တိုက်ကောင်းမွန်ခဲ့ကာ ရှုံးပွဲတစ်ပွဲမျှမရှိခဲ့ဘဲ ပြီးခဲ့သည့် မေဂျာလိဂ်ပြိုင်ပွဲတွင် ရက်ဘူးလ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မက်ဆီသည် စက်တင်ဘာလအတွင်း အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကစားရန်ရှိနေသည့်အတွက် အာဂျင်တီးနားအသင်းနှင့် စက်တင်ဘာ ၁၀ ရက်မှ ၂၈ ရက်ထိ သွားရောက်ပူးပေါင်းရမည်ဖြစ်သောကြောင့် အင်တာမီယာမီအသင်းအနေဖြင့် မက်ဆီကို ပွဲစဉ် ငါးပွဲထိ လက်လွှတ်သွားရမည်ဖြစ်ကြောင်း သိရသည်။ STA

# လီအန်စမစ်နှင့် ခရစ်အူဘန့်ခ်ဂျူနီယာတို့ မန်ချက်စတာမြို့၌ မကျေပွဲစဉ်ထိုးသတ်မည်

**မန်ချက်စတာ ဩဂုတ် ၂၉**

အင်္ဂလန်နိုင်ငံ၏ အကောင်းဆုံးလိုက်မစ်ဒယ်ဝိတ်တန်း လက်ဝှေ့သမားနှစ်ဦးဖြစ်ကြသည့် လီအန်စမစ်နှင့် ခရစ်အူဘန့်ခ်ဂျူနီယာတို့သည် စက်တင်ဘာ ၂ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် မကျေပွဲစဉ်ထိုးသတ်မည်ဟု လီအန်စမစ်က ပြောကြားခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBO ဂျူနီယာမစ်ဒယ်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံဟောင်းနှစ်ဦးဖြစ်ကြသည့် လီအန်စမစ်နှင့် ခရစ်အူဘန့်ခ်ဂျူနီယာတို့သည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက်က အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ထိုးသတ်ခဲ့ရာ လီအန်စမစ်က စတုတ္ထအချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ၎င်းတို့နှစ်ဦးသည် ကစားသမားဘဝသက်တမ်းတစ်လျှောက်သုံးပွဲစီရှုံးနိမ့်ခဲ့ကြသည်။

လီအန်စမစ်က "မကျေပွဲစဉ်ကို စက်တင်ဘာ ၂ ရက်မှာထိုးသတ်မဲ့အကြောင်း အားလုံးကိုဂုဏ်ယူစွာနဲ့ အသိပေး ကြေညာအပ်ပါတယ်။ မကျေပွဲစဉ်အတွက် နောက်ဆုံးအဆင့်ဆွေးနွေးမှုတွေကိုအပြီးသတ်ဆောင်ရွက်ပြီးပါပြီ။ကျွန်တော့်အနေနဲ့ ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်ပြီး လေ့ကျင့်ရေး အစီအစဉ်တွေကိုလဲ အပြည့်အဝဆောင်ရွက်နေပြီဖြစ်ပါတယ်။ မကျေပွဲစဉ်ကိုစောင့်မျှော်နေတာကြာပါပြီ။ ဒီမကျေပွဲစဉ်က ကျွန်တော်တို့နှစ်ဦးကြားမှာ ဘယ်သူက အကောင်းဆုံးလဲဆိုတာကို နောက်ဆုံး သက်သေပြမဲ့ပွဲစဉ်ပါ။ ခရစ်အူဘန့်ခ်နဲ့ သူ့နည်းပြအဖွဲ့ဟာ ပထမတစ်ကြိမ် တွေ့ဆုံခဲ့စဉ်က ဒိုင်ပွဲရပ်ရလဒ်အဖြစ် ဆုံးဖြတ်ခဲ့တဲ့ ကြီးဝိုင်းဒိုင်ကို အပြစ်တင်ခဲ့ကြသလို ကြီးဝိုင်းဒိုင်ရဲ့ ဆုံးဖြတ်ချက်အမှားလို့လဲ အကြောင်းပြချက်ပေးနေကြပါတယ်။ ခရစ်အူဘန့်ခ်အနေနဲ့လဲ မကျေပွဲစဉ်ထိုးသတ်ဖို့ စာချုပ်ကို ချက်ချင်း အသက်သွင်းခဲ့တာကလဲ ပထမတစ်ကြိမ် တွေ့ဆုံခဲ့စဉ်ကပုံစံနဲ့မတူညီတဲ့ ပုံစံတစ်ခုပြင်ဆင်ထားပုံရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့်နှင့် လွဲချော်ရဖွယ်ရှိနေ

**မက်ဒရစ် ဩဂုတ် ၂၉**

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ အပါအဝင် စပိန်ကလပ်အသင်းများ ဥရောပအဆင့်ပြိုင်ပွဲများကစားခွင့်နှင့်လွဲချော်ရဖွယ်ရှိနေကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။





စပိန်နိုင်ငံအစိုးရက ပြီးခဲ့သည့် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်က စပိန်အမျိုးသမီးအသင်းကစားသမား ဟာမိုဆိုကို ဆုပေးပွဲစင်မြင့်ထက်၌ မဖွယ်မရာ နမ်းခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်ပြီး စပိန်လာလီဂါအဖွဲ့ချုပ်ကို စစ်ဆေးမှုများပြုလုပ်နေသည့်အတွက် စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း ဥရောပဘောလုံးအဖွဲ့ချုပ်မှ နုတ်ထွက်ခွင့်ပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်က ဆုပေးပွဲအခမ်းအနားစင်မြင့်ထက်၌ ဟာမိုဆိုကို ခွင့်ပြုချက်မရရှိဘဲ နမ်းခဲ့သည့်အတွက် ပြီးခဲ့သည့်ရက်ပိုင်းကလည်း စပိန်နိုင်ငံ အားကစားကောင်စီက ရူဘီယာလက်စ်ကို စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌရာထူးမှ ရပ်ဆိုင်းခဲ့သည့်အပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်း ရူဘီယာလက်စ်ကို ဘောလုံးလောကနှင့် ရက် ၉၀ ပတ်သက်ခြင်းမပြုလုပ်ရန်အတွက် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ယခုအခါ စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကို စပိန်နိုင်ငံအစိုးရအဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည့်အတွက် အစိုးရ၏ဝင်ရောက်စွက်ဖက်မှုကို မကျေနပ်သောကြောင့် စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း ဥရောပဘောလုံးအဖွဲ့ချုပ်မှ နုတ်ထွက်ခွင့်ပေးရန် တောင်းဆိုပြီး စပိန်နိုင်ငံအစိုးရကို ပြန်လည်ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကို ဥရောပဘောလုံးအဖွဲ့ချုပ်က ခွင့်ပြုပေးမည်ဆိုပါက ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ အေတီကိုနှင့် ဆီဗီးယားအသင်းတို့အနေဖြင့် ချန်ပီယံလိဂ်နှင့်လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ STA

# သာယာပေစွ ဝါခေါင်လ

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

ဝါခေါင်လဟာ မြန်မာပြက္ခဒိန်ရဲ့ ပဉ္စမမြောက်လဖြစ်ပြီး ဒီနှစ်မှာ ဝါထပ်တဲ့အတွက် ဩဂုတ်လနဲ့ စက်တင်ဘာလအတွင်း ကျရောက်ပါတယ်။ ဝါခေါင်လကို ပုဂံခေတ်ကျောက်စာမှာ နံကာလလို့ ရေးသားခဲ့ရာ "နံ"ဆိုတာက အချိန်ကာလအပိုင်းအခြားကို ခေါ်ဆိုပြီး "ကာ"ဆိုတာက လယ်လုပ်ငန်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် လယ်လုပ်ချိန်၊ လယ်ထွန်ချိန်နဲ့ သက်ဆိုင်တဲ့လလို့ သတ်မှတ်ပါတယ်။ ဒါ့ပြင် "ဝါ"ဆိုတဲ့စကားမှာ ဝါတွင်းကာလကို ခေါ်ဆိုတာဖြစ်ပြီး "ခေါင်"ဆိုတာ အလယ်(ဗဟို)ဖြစ်ရာ ဝါတွင်းသုံးလရဲ့ အလယ်လလို့လဲ ဆိုကြပါတယ်။ မိုးကောင်းစွာရွာသွန်းတာကြောင့် မြစ်ချောင်းအင်းအိုင်တို့မှာ ရေပြည့်လျှံလျက်ရှိပြီး "ဝါဆိုဝါခေါင် ရေဖောင်ဖောင်"လို့ မှတ်သားကြပါတယ်။ ဒါပေမဲ့ "ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း" လို့ မုံရွေးဆရာတော်က ဆယ့်နှစ်ရာသီမိုးဘွဲ့ကို ရေးသားခဲ့ရာ မိုးခေါင်ရပ်ဝန်းဖြစ်တဲ့ အထက်အညာဒေသကို ညွှန်းဆိုဟန်တူပါတယ်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်ပြီး "ဝါခေါင်ရေဖွေး၊ ခတ္တာမွှေး"ဆိုတဲ့ဆိုစကားတစ်ခုရှိခဲ့ပါတယ်။ ဇေဒင်အလိုအားဖြင့် သိဟ်ရာသီဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်ပါတယ်။ လမင်းမှာ သရဝဏ်နက္ခတ်နဲ့စန်းယှဉ်ကာ သရဝဏ်နက္ခတ်ကို "မောင်ရင်ဆိုင်းထမ်းကြယ်"လို့လဲ ခေါ်ဆိုပါတယ်။ နေမင်းမှာ ဖုဿျှနက္ခတ်နဲ့စန်းယှဉ်ပါတယ်။ ဒီနှစ်ဝါခေါင်လရဲ့ ရက်ရာဇာတို့မှာ ဗုဒ္ဓဟူးနဲ့သောကြာနေ့တို့ဖြစ်ကြပြီး ကြာသပတေးနဲ့ စနေနေ့တို့မှာ ပြဿဒါးရက်တွေဖြစ်ကြပါတယ်။

ဝါခေါင်လရဲ့ ထင်ရှားတဲ့ရာသီပွဲမှာ စာရေးတံမဲပွဲဖြစ်ပါတယ်။ ဒီပွဲတော်ပေါ်ပေါက်လာပုံမှာ မြတ်စွာဘုရားသခင်ဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူစဉ်အခါက ရာဇဂြိုဟ်ပြည်တစ်ခုလုံးဟာ စားရေရိက္ခာရှားပါးကာ ငတ်မွတ်ခေါင်းပါးမှုနဲ့ကြုံတွေ့နေရပါတယ်။ ဒါယကာ၊ ဒါယိကာမတို့မှာလဲ ကျောင်းတိုက်အတွင်းရှိ ရဟန်းအားလုံးကို ဆွမ်းဆက်ကပ်မှုမပြုနိုင်တာကြောင့် ငါးပါး၊ ၁၀ ပါး၊ အပါး ၂၀ ဆိုသလို မိမိတို့တတ်စွမ်းသမျှ ကပ်လှူခွင့်ပြုဖို့ ဘုရားရှင်ကို လျှောက်ထားကြရာ ဘုရားရှင်က ခွင့်ပြုတော်မူခဲ့ပါတယ်။ ဘယ်လိုရဟန်းကို ကပ်လှူမယ်လို့ အမည်တပ်အစွဲမထားဘဲ စာရေးတံမဲချကာ ဆွမ်းဆက်ကပ်ကြပါတယ်။ မဲချပုံမှာ ဝါးနီးပြား ဒါမှမဟုတ် သစ်သားတံရဲ့ထိပ်မှာ ဆွမ်းဒါယကာရဲ့ အမည်နဲ့နေရပ်ကို ရေးမှတ်ထားလိုက်ပါတယ်။ ရေးမှတ်ထားတဲ့စာရေးတံတွေကို ရဟန်းတို့က အလှည့်ကျမဲနှိုက်ကာ မိမိတို့မဲကျတဲ့ ဆွမ်းဒါယကာရဲ့အိမ်ကို ဆွမ်းစားကြွရပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်မှာ ရဟန်းတော်တွေ တစ်စုတစ်ဝေးတည်းရှိတဲ့ ဝါတွင်းကာလဖြစ်တဲ့ ဝါခေါင်လမှာ ကျင်းပခဲ့ရာကနေ ရာသီပွဲတော်အဖြစ်ပြောင်းလဲလာခဲ့ပါတယ်။ ဒီနေ့ခေတ် မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ စာရေးတံမဲမှာ ဆွမ်းဒါယကာရဲ့ အမည်ကို မရေးသားတော့ဘဲ ရဟန်းတွေရဲ့ ဘွဲ့အမည်ကို ရေးမှတ်ကာ မိမိမဲပေါက်တဲ့ ကိုယ်တော်ကိုအိမ်သို့ ပင့်လျှောက်ကာ ဆွမ်းဆက်ကပ်ကြပါတယ်။ ဒါ့ပြင် အထက်အညာဒေသတချို့မှာ ကပ်လှူလိုတဲ့ပစ္စည်းနဲ့ အလှူရှင်အမည်ကို မဲလိပ်မှာရေးသားပြီး ပင့်ဖိတ်ထားတဲ့ရဟန်းတော်တွေကို မဲနှိုက်စေပါတယ်။ မဲကျတဲ့ရဟန်းကို အသုံးအဆောင်ပစ္စည်းနဲ့ ကပ်လှူရတဲ့ ဓလေ့ထုံးတမ်းလဲရှိနေရာ ဘုရားပွဲလို့ခေါ်ဆိုကြပါတယ်။ နောက်ပြီး ဆွမ်းတော်ကြီးလောင်းလှူပွဲလဲ ရှိနေပါသေးတယ်။ ဘုန်းကြီးကျောင်းပရိဝုဏ်အတွင်း ဒါမှမဟုတ် သင့်တော်မဲ့မြေကွက်လပ်တစ်ခုမှာ ရဟန်းတော်တွေက တန်းစီပြီးကြွလှမ်းကြရာ ဒါယကာ၊

❖ ဘယ်လိုရဟန်းကို ကပ်လှူမယ်လို့ အမည်တပ်အစွဲမထားဘဲ စာရေးတံမဲချကာ ဆွမ်းဆက်ကပ်ကြပါတယ်။ မဲချပုံမှာ ဝါးနီးပြား ဒါမှမဟုတ် သစ်သားတံရဲ့ထိပ်မှာ ဆွမ်းဒါယကာရဲ့ အမည်နဲ့နေရပ်ကို ရေးမှတ်ထားလိုက်ပါတယ်။ ရေးမှတ်ထားတဲ့စာရေးတံတွေကို ရဟန်းတို့က အလှည့်ကျမဲနှိုက်ကာ မိမိတို့မဲကျတဲ့ ဆွမ်းဒါယကာရဲ့အိမ်ကို ဆွမ်းစားကြွရပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်မှာ ရဟန်းတော်တွေ တစ်စုတစ်ဝေးတည်းရှိတဲ့ ဝါတွင်းကာလဖြစ်တဲ့ ဝါခေါင်လမှာ ကျင်းပခဲ့ရာကနေ ရာသီပွဲတော်အဖြစ်ပြောင်းလဲလာခဲ့ပါတယ်။ ❖

ဒါယိကာမတို့က မိမိတို့တတ်စွမ်းသရွေ့ ဆွမ်း၊ လှူဖွယ်ပစ္စည်းတွေနဲ့ လောင်းလှူတာဖြစ်ပါတယ်။ စာရေးတံမဲပွဲနဲ့ ဆွမ်းတော်ကြီးလောင်းလှူပွဲတွေကို ဝါခေါင်လမှာသာမဟုတ်ဘဲ အခြားလတွေမှာလဲ မိမိတို့ကျေးရွာ၊ ရပ်ကွက်အလိုက် ကျင်းပလျက်ရှိပါတယ်။

ဒါ့ပြင် ဝါခေါင်လမှာ ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တစ်ရက်လဲရှိပေရာ "မေတ္တာအခါတော်နေ့"ဖြစ်ပါတယ်။ အဲဒီနေ့ ပေါ်ပေါက်လာပုံမှာ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အခါက ရဟန်းပေါင်း ၅၀၀ ဟာ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကိုနာယူသင်ကြားကြပါတယ်။ တရားနာယူပြီးတဲ့အခါ တစ်ယူဇနာဝေးတဲ့ ရွာကြီးတစ်ရွာရဲ့အနီး တောအုပ်တစ်ခုအတွင်း သစ်ပင်တစ်ပင်စီရဲ့အောက်မှာ တရားအားထုတ်ကြပါတယ်။ သစ်ပင်တွေမှာနေထိုင်ကြတဲ့ ရုက္ခစိုးနတ်တွေဟာ ရဟန်းတို့လာရောက်သီတင်းသုံးတာကြောင့် သစ်ပင်ပေါ်မှာ မနေနိုင်ကြတော့ဘဲ ဆင်းရဲစွာနဲ့လှည့်လည်သွားလာနေထိုင်ကြရပါတယ်။ ကာလကြာတဲ့အခါ ရုက္ခစိုးနတ်တို့က ကြောက်မက်ဖွယ်အဆင်း၊ အသံ၊ အနံ့တို့နဲ့ခြောက်လှန့်ကြရာ ရဟန်းတို့မှာ ကောင်းစွာတရားအားမထုတ်နိုင်ဖြစ်နေပါတယ်။ ရဟန်းတော်တွေဟာ မြတ်စွာဘုရားထံကို ပြန်လာပြီး အကြောင်းအရာအဖြစ်အပျက်ကို လျှောက်ထားပါတယ်။

မြတ်စွာဘုရားရှင်က ရဟန်းတော်တွေကို မေတ္တာသုတ်ဒေသနာတော် ချီးမြှင့်ပေးလိုက်ကာ မူလတရားအားထုတ်ရာအရပ်သို့ ပြန်လည်ကြွစေခဲ့ပါတယ်။ ရဟန်းတော်တွေဟာ မေတ္တာသုတ်တော်ကို ပွားများရွတ်ဖတ်ကြတယ်။ မေတ္တာရဲ့အကျိုးအာနုဘော်ကြောင့် ရုက္ခစိုးနတ်တို့ဟာ ရဟန်းတို့ကို မနှောင့်ယှက်တော့တဲ့အပြင် ရဟန်းတွေရဲ့ ဝေယျာဝစ္စတို့ပြုလုပ်ပေးကာ ရဟန်းတို့ကောင်းစွာ ကမ္မဋ္ဌာန်းတရားအားထုတ်နိုင်ဖို့ စောင့်ရှောက်ပေးကြပါတော့တယ်။ ရဟန်းတော်တွေမှာ ကမ္မဋ္ဌာန်းတရားကို ကောင်းစွာအားထုတ်နိုင်ကြရာ ဝါကျွတ်မီကာလမှာ အာသဝေါကုန်ခန်းကာ ရဟန္တာတွေအဖြစ်သို့ ရောက်ရှိတော်မူကြတယ်။ မြတ်စွာဘုရားရှင်က ရဟန်း ၅၀၀ တို့ကို အကြောင်းပြုပြီး မေတ္တာသုတ်ဟောကြားတော်မူခဲ့တဲ့ ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"လို့ သတ်မှတ်ခေါ်ဆိုခဲ့ကြပါတယ်။ ဒီနေ့မှာ ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရားကျောင်းကန်တွေမှာ ဥပုသ်သီတင်းဆောက်တည်ပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပါတယ်။ ဒါ့ပြင် ရဟန်းတော်တွေက စုပေါင်းပြီး မေတ္တာသုတ်ရွတ်ဖတ်ပူဇော်မှုကိုလဲ ဆောင်ရွက်ကြပါတယ်။

ဝါခေါင်လမှာထင်ရှားတဲ့ မိရိုးဖလာပွဲတော်တစ်ခုရှိနေပြီး မန္တလေးတိုင်းဒေသကြီး တောင်ပြုံးရွာမှာ ကျင်းပတဲ့ တောင်ပြုံးညီနောင်နတ်ပွဲဖြစ်ရာ စည်ကားလှပါတယ်။ တောင်ပြုံးညီနောင်ရဲ့ ဒဏ္ဍာရီပုံပြင်လေးကိုလဲ ဖော်ပြလိုက်ပါတယ်။ တစ်ချိန်က ထူးကဲစွမ်းအားရှိတဲ့ ဗျတ္တဆိုသူဟာ ပုဂံပြည်ရှင်အနော်ရထာမင်းထံမှ အမှုထမ်းနေပြီး ပုပ္ပားအရပ်မှ မယ်ဝဏ္ဏဆိုတဲ့ မိန်းမပျိုနဲ့တွေ့ဆုံချစ်ကြိုက်ကာ ရွှေဖျဉ်းညီနောင်ကိုဖွားမြင်ခဲ့ပါတယ်။ ညီနောင်နှစ်ပါးဟာ အရွယ်ရောက်လာတဲ့အခါ အနော်ရထာမင်းထံ အမှုထမ်းပါတယ်။ အနော်ရထာဘုရင်ဟာ တောင်ပြုံးရွာမှာ ဆုတောင်းပြည့်စေတီတည်တော်မူပါတယ်။ မင်းချင်းအမှုထမ်းအားလုံး ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်အားပေးဖို့ အမိန့်တော်ချမှတ်ခဲ့ပါတယ်။ စေတီတည်မှုကို ကြည့်ရှုစစ်ဆေးတဲ့အခါ အုတ်နှစ်ချပ် လပ်နေတာကို မြင်တွေ့ရလို့မေးမြန်းကြည့်ရာ "ရွှေဖျဉ်းညီနောင်တို့မှာ ဘုရားတည်ရန်လုပ်အားအကူ မပေးဘဲ ကြွေအန်ကစားနေကြောင်း" အခြားမင်းမှုထမ်းတို့က လျှောက်တင်ကြပါတယ်။ ပြစ်ဒဏ်အနေနဲ့ ညီနောင်နှစ်ယောက်ကို ကြိမ်နဲ့ရိုက်ပြီးဆုံးမဖို့ ခိုင်းစေလိုက်တယ်။ ဒါပေမဲ့ ကြိမ်တုတ်နဲ့ရိုက်ရမဲ့အစား ဝါးရင်းတုတ်နဲ့ရိုက်လေရာ ညီနောင်နှစ်ပါးမှာ သေဆုံးကာ နတ်ဘဝကိုရောက်ရပါတယ်။ ဒီနတ်တွေဟာ အနော်ရထာမင်းစီးတဲ့ ဖောင်တော်ရှေ့မှာ ကိုယ်ထင်ပြပြီး ခိုလှုံဖို့နေရာတောင်းခံခဲ့ပါတယ်။ ဆုတောင်းပြည့်စေတီရဲ့ဘေးမှာ နတ်ကွန်းဆောက်လုပ်စေပြီး အပိုင်စားပေးခဲ့ရာ နယ်သူနယ်သားတွေက ပသကြရာမှ တောင်ပြုံးညီနောင်နတ်ပွဲဆိုတာ ပေါ်ပေါက်လာခဲ့ပါတယ်။ ဆုတောင်းပြည့်ဘုရားပွဲတော်နဲ့အတူ နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်ကနေ လပြည့်နေ့ထိကျင်းပပါတယ်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြပါတယ်။ နတ်ကနားအကမှာ ပွဲတော်ရဲ့ အဓိကလက္ခဏာဖြစ်ပါတယ်။ မြန်မာဇာတ်ပွဲတွေ၊ နတ်ကနားပွဲတွေ ကြည့်ရှုနိုင်သလို ခရီးသွားပျော်ရွှင်မှုကိုလဲ ရရှိစေနိုင်ပါတယ်။

"ဝါဆိုဝါခေါင်ရေတွေကြီးလို့၊ သပြေသီးမှည့် ကောက်စိုက်ကွယ်"ဆိုတဲ့ ဆရာကြီးမင်းသုဝဏ်ရဲ့ "သပြေသီးကောက်"ကဗျာထဲကအတိုင်း ဝါခေါင်လမှာ မိုးများစွာရွာသွန်းတတ်ပြီး မြစ်ချောင်းရေကန်တို့မှာ ရေလျှံလေ့ရှိတယ်။ သပြေသီးတွေလဲ မှည့်ကြပါတော့တယ်။ မြန်မာတောင်သူတို့မှာ ဝါခေါင်လရောက်တာနဲ့ စပါးစိုက်ပျိုးကြရာ ထွန်တုံးပိတ်ပွဲ၊ ရေတော်မိုးတော်လယ်စိုက်ပွဲတို့ပြုလုပ်ကြရာ နိုင်ငံ့ဝမ်းစာ ဖူလုံရေးကို ဆောင်ရွက်လျက်ရှိကြပါတယ်။ ကုန်းမြေမှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ဆောင်ကြတဲ့ တောင်သူဦးကြီးတို့မှာလဲ ပထမအကြိမ် သီးနှံတွေဖြစ်တဲ့ နှမ်းလျင်၊ ပဲနောက်၊ မြေပဲတို့ကို ရိတ်သိမ်းကြရာ ဝင်ငွေကောင်းတဲ့အချိန်ဖြစ်ပါတယ်။ ဒါ့ပြင် ဒုတိယအကြိမ် နှမ်းကြီးစိုက်ပျိုးဖို့ထွန်ယက်ကြ၊ ပြင်ဆင်ကြတဲ့အချိန်လဲဖြစ်ပါတယ်။ ဝါတွင်းကာလ ဝါခေါင်လမှာ ဗုဒ္ဓဘာသာဝင်တို့ဟာ ဥပုသ်သီတင်းဆောက်တည်ကြပါတယ်။ ညပိုင်းအချိန်တွေမှာ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ ဇရပ်တို့မှာ အဖွဲ့လိုက် ဓမ္မစကြာဒေသနာတော်ကိုလဲ ရွတ်ဖတ်ပူဇော်ကြပါတယ်။

နိဂုံးချုပ်အနေနဲ့ မျက်မှောက် ကာလလူသားတို့မှာ အများအားဖြင့် လူမှုဒုက္ခတွေ ကြုံတွေ့နေရပြီး စိုးရိမ်ကြောင့်ကြမှုတွေနဲ့ရင်ဆိုင်နေကြရပါတယ်။ ဝေနေယျသတ္တဝါအားလုံး အနှောင့်အယှက်ဘေးအန္တရာယ်ကင်းစင်ရေးအတွက် တစ်ဦးချင်းတစ်ယောက်ချင်းမှအစ မေတ္တာဓာတ်လွှမ်းခြုံပေးဖို့ လိုအပ်နေတဲ့အချိန်အခါဖြစ်ရာ ဝါခေါင်လပြည့်၊ မေတ္တာအခါတော်နေ့နဲ့လဲ တိုက်ဆိုင်နေပါတော့တယ်။ ဝါခေါင်လဟာ ထူးမြတ်တဲ့ဗုဒ္ဓဝင်ဖြစ်စဉ်တွေနဲ့ ဆက်နွယ်နေတဲ့ကာလဖြစ်ပြီး စာရေးတံမဲပွဲ၊ ဘုရားပွဲ၊ ဆွမ်းလောင်းပွဲတွေကိုကျင်းပကြပါတယ်။ တစ်နည်းအားဖြင့် ဝါခေါင်လဟာ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရ စိမ်းမြစိုပြေမှုရှိကာ ဗုဒ္ဓဘာသာအစဉ်အလာ ကောင်းတွေရှိတာတို့ကြောင့် "သာယာပေစွ ဝါခေါင်လ"လို့ တင်စားရေးသားလိုက်ရပါတော့တယ်။

**ကိုးကား**

- **မိဿမထေ ဦးချစ်မောင် ပြုစုသော ဗုဒ္ဓဘာသာဆိုင်ရာ အထွေထွေဗဟုသုတ၊ ၁၃၃၈ ခုနှစ် ဝါခေါင်လ**

# ပုပ္ပားသီရိမြို့နယ် လယ်သာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုပ္ပားသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဝင်ကျေးရွာဖြစ်သည့် လယ်သာကျေးရွာ၌ ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပုပ္ပားသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၄၉ ဒသမ ၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် ပုပ္ပားသီရိမြို့နယ် လယ်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၂ ဦးကို ငွေကျပ် ၂၅၄ ဒသမ ၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ်သိန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၉ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၄၅ ဒသမ ၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၈ ဦးကို ငွေကျပ် ၃၄၉ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




**ရန်ကုန် ဩဂုတ် ၂၉**

Bo Bo Film Production က စီစဉ်ထုတ်လုပ်သည့် လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ပြောပြ၍ သိရသည်။

အဆိုပါ လေပတ်ကားအမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီး၏ ဝတ္ထု ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးထားပြီး ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသဇာတ်ကား တစ်ကားလည်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ သရုပ်ဆောင်တွေ ကားရိုက်တာမတူ အောင်တော့ သေချာပြင်ဆင်ရိုက်ကူးထားပါတယ်။ ကိုဇော်ဝင်းနိုင်၊ ဆင်မတို့လဲ မတူတဲ့ရှုထောင့်တွေ တင်ဆက်ထားပါတယ်။ ထက်အောင်ရှိုင်းကိုလဲ အစစ်မတွေ မုန်းတယ်ဆိုတဲ့ပုံစံလေး ဖန်တီးထားပါတယ်။ ကျွန်တော်ရိုက်တဲ့ကားတွေ ဆက်တိုက်ဆိုသလို ရုံတင်မှာမို့လို့ ဇာတ်ကားလေးကားလုံးကြည့်ပြီးမှ ပရိသတ်တွေ ဝေဖန်ကြပါလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ပြောပြသည်။

လေပတ်ကား ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ထက်အောင်ရှိုင်း၊ မေမြင့်မိုရ်၊ ဝေလာရီ၊ Elena၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ ကျော်ဇုက်၊ ချစ်လူလူ၊ သွက်လက်၊ ဘရန်ဒိုလီ၊ အောင်သီဟ၊ မျိုးမျိုးခိုင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပီချူးလာဘ်ကောင်ရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ (၉×၆) လက်မအရွယ်အစားရှိ ပီချူးလာဘ်ကောင်ရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပီချူးလာဘ်ကောင်ရုပ်များကို မလေးရှား ပိတောက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

"ဒီလထဲမှာ လက်ဆောင်ပေးဖို့နဲ့ အိမ်မှာအလှထားဖို့ လာဘ်ကောင်အနေနဲ့ လူတော်တော်များများ အဝယ်များတာကတော့ လာဘ်ကောင်ပီချူးရုပ်လေးတွေ ဖြစ်ပါတယ်။ ဒီလကုန်ခါနီးမှ ပဲခူးကနေ ဈေးကွက်ထဲကို ပီချူးလာဘ်ကောင်ရုပ် ၁၀၀ လောက် ဝင်လာတာဖြစ်ပါတယ်။ ဒီပီချူးလာဘ်ကောင်လေးတွေက ရတနာလောကမှာ လက်ဝတ်ရတနာအနေနဲ့ လူသိများပြီးသားဖြစ်တဲ့အတွက် အရောင်းတော့ သွက်ပါတယ်"ဟု တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။



အဆိုပါ (၉×၆)လက်မ အရွယ်အစား ပီချူးလာဘ်ကောင်တစ်ရုပ်လျှင် ငွေကျပ် ၁၀၀၀၀၀ ခန့်ဖြစ်ကာ ယခုလအတွင်း ပီချူးလာဘ်ကောင်အခုရေ ၃၀ ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင်ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပံ့ပိုးပေးနေ

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အခက်အခဲရှိနေသည့် အစည်းအရုံးဝင် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများကို ဩဂုတ် ၂၈ ရက်မှစတင်ကာ (၁၃) ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပံ့ပိုးပေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုသို့ပံ့ပိုးပေးရာတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရှိ အုပ်ချုပ်နှင့် ဖြန့်ချိအလွှာ၊ ဗီဒီယို အဓိကဇာတ်ဆောင်နှင့် ဒါရိုက်တာအလွှာ၊ ဇာတ်ညွှန်းနှင့် တည်းဖြတ်အလွှာ၊ ပြဇာတ် နောက်ခံတေးဂီတနှင့် ထုတ်လုပ်သူအလွှာ၊ စက်မှုအလွှာနှင့် ဇာတ်ပို့နှင့်ဇာတ်ရုံအလွှာ အားလုံးရှိ အစည်းအရုံးဝင်များကို ပံ့ပိုးနေကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေ အလွှာပေါင်းစုံအတွက် ပံ့ပိုးပေးနေတာဖြစ်ပါတယ်။ ဒီနေ့ကတော့ အုပ်ချုပ်ဖြန့်ချိအလွှာအတွက် ပထမဆုံးပေးတဲ့နေ့လေးပါ။ လာရောက်ထုတ်ယူသူ ရုပ်ရှင်လောကသားတစ်ဦးကို ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား တစ်ဘူး၊ ဘဲဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ သား တို့ကို ပေးအပ်တာပဲ ဖြစ်ပါတယ်။ အချို့အလွှာတွေက သူတို့အလွှာအလိုက် စုဆောင်းငွေကြေးလေးတွေ ရှိတဲ့အခါကျတော့ ဗဟိုကပေးတဲ့ ဆန်၊ ဆီ၊ စားသောက်ကုန်တွေအပြင် ငွေသားလဲရသွားတာ ရှိတယ်။ အလွှာတိုင်းတော့မဟုတ်ဘူးပေါ့"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် အစည်းအရုံးဝင်များအား ဆန်၊ ဆီနှင့် စားသောက်ကုန်များကို (၁၂) ကြိမ်မြောက်အဖြစ် ပြီးခဲ့သည့် မေ ၃ ရက်မှ မေ ၆ ရက်ထိ ပံ့ပိုးပေးခဲ့ပြီးဖြစ်ကာ ထိုသို့ပံ့ပိုးပေးရာတွင် အစည်းအရုံးဝင်များအနေဖြင့် အစည်းအရုံးဝင်ကတ်များ ယူဆောင်၍ ကိုယ်တိုင်လာရောက် ထုတ်ယူရခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Dune:Part Three ဆက်လက်ရိုက်ကူးရန် ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ ရည်ရွယ်ထား

**နယူးယောက် ဩဂုတ် ၂၉**

Dune:Part Two ဇာတ်ကား ရုပ်ရှင်ဈေးကွက်၌ အောင်မြင်ခဲ့ပါက Dune:Part Three ကို ဆက်လက်ရိုက်ကူးရန် ဒါရိုက်တာဒင်းနစ်ဗီလီနေ့က ရည်ရွယ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Dune:Part Two အောင်မြင်ခဲ့ပါက Dune:Messian ဝတ္ထုကို Dune: Part Three အဖြစ်ရိုက်ကူးရန်မျှော်လင့်ထားကြောင်း Empire အနုပညာမဂ္ဂဇင်းနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတွင် ဒါရိုက်တာ ဗီလီနေ့က ဝန်ခံခဲ့သည်။

Dune:Part One နှင့် Part Two ဇာတ်ကားများသည် အမေရိကန်စာရေးဆရာ ဖရန့်ဟားဘတ် Dune သိပ္ပံအက်ရှင်ဝတ္ထုများကို Dune:Messian မှာလည်း ဖရန့်ဟားဘတ်ပင် ရေးသားထားသည့် ဝတ္ထုဖြစ်ကြောင်း ဒါရိုက်တာ ဗီလီနေ့၏ ပြောပြချက်အရ သိရသည်။

လက်ရှိအချိန်တွင် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် ဒါရိုက်တာ ဗီလီနေ့ ရိုက်ကူးထားသည့် Dune: Part Two ကို ၂၀၂၄ ခုနှစ် မတ်၁၅ ရက်တွင် ရုံတင်ရန်စီစဉ်ထားသည်။

Dune:Part Two တွင် မင်းသား ဝပ်လိုဝီချားမက်၊ မင်းသမီး ဇန်ဒါယား၊ မင်းသား ဒေ့ဘာဘစ္စတာတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO




# Dead Reckoning Part Oneဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၅၅၀ ကျော်လွန်

**နယူးယောက် ဩဂုတ် ၂၉**

Paramount ရုပ်ရှင်စတူဒီယို၏ Mission:Impossible Dead Reckoning Part One ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကို ကျော်လွန်သွားပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

ယခုနှစ် ဇူလိုင် ၁၀ ရက်တွင် စတင်ရုံတင်ခဲ့သည့် Dead Reckoning Part One သည် ဩဂုတ် ၂၇ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၈ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၃ သန်းထိရရှိထားကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် Dead Reckoning Part One ကို နိုင်ငံတကာဈေးကွက် ၇၀ တို့၌ ရုံတင်ပြသနေခြင်းဖြစ်သည်။

Dead Reckoning Part One ဇာတ်ကားသည် Mission Impossible ဇာတ်ကားများအနက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အများဆုံးဇာတ်ကားဖြစ်ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် သုံးစွဲထားရသည်။

Dead Reckoning Part One ကို ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက ရိုက်ကူးပေးထားပြီး မင်းသား တွမ်ခရု ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# High prices of RSS-3 rubber marketable in Kayin State


RSS-3 rubber sheets being dried in racks.

**Hpa-an August 29**

Prices of RSS-3 rubber produced by Kayin State are higher in the market, according to the Consumer Affairs Department on 28 August.

Myanmar places more than 1.6 million acres of land under rubber plants in Tanintharyi Region, Mon State, Yangon and Bago regions and Kayin State.

Of them, local farmers operate rubber plantations on 270,000 acres of land in Kayin State. In early June this year, the world rubber market handled 1,650 USD per pound of rubber to US$1,700 per pound.

During the period of collecting rubber latex, RSS-3 rubber fetched K1,210 per pound in Kayin State, compared to K1,340 per pound at the end of collecting rubber latex.

After that, prices of rubber gradually rose in the market. In August, prices of rubber reached K1,500 to K1,680 per pound.

At present, RSS-3 and RSS-5 rubber are marketable at home, fetching K1,640 per pound of RSS-5. It is expected to continue rising the prices of rubber in the domestic market in Kayin State.

As prices of rubber is raising, this year, a plan was set to export 300,000 tons of rubber abroad. 336

# Myanmar imports more than 290,000 tons of fertilizers worth US$104 million in July

**Nay Pyi Taw August 29**

The Ministry of Commerce stated that more than 290,000 tons of fertilizers worth US$104 million in July as now is time to grow monsoon paddy.

In July, import of fertilizers weighing 251,500 tons worth US$92.404 million flew into Myanmar through maritime trade route and 39,750 tons worth $12.484 million through land borders, totalling 291,250 tons valued at U$104.888 million.

In this regard, maritime trade route was used in importing 140,000 tons of fertilizers from China, 40,000 tons from Omen, 25,000 tons from UAE, 10,000 tons from Indonesia, 8,500 tons from Brunei, 7,000 tons from Thailand, more than 6,000 tons from Russia, 3,000 tons each from Germany, South Korea and Vietnam, 2,000 tons from Malaysia, 1,500 tons from China (Taipei), more than 1,000 tons from Iran, 600 tons from Belgium, 500 tons from Laos, and 400 tons from Finland, totalling 251,500 tons.

Likewise, 37,000 tons of fertilizers was imported from China, 2,500 tons from Thailand and 250 tons from India, totalling 39,750 tons through land borders.

The government formed the urea fertilizer distribution leading committee for selling quality fertilizers to farmers so as to increase cultivation of crops in the nation whereas the urea fertilizer quota committee was also formed. 336


Bags of fertilizer in a warehouse.

# Prices of plum seeds jump in Mandalay market due to high Chinese demand

**Mandalay August 29**

Plum seeds from the Mandalay market are now seeing a good demand from China with good prices, according to local merchants.

Myanmar's plum is of three species. The price of plum seeds was K24,000 per viss in March this year, but it jumped to K70,000 in the third week of August, said U Soe Win Myint, owner of Soe Win Myint brokerage.

"Seeds we got after grinding plums are getting very good prices because the Chinese demand is high. In the market of Myanmar, they are not usually usable. We have learnt that plum seeds are used in China for producing traditional medicines. This is why we are getting amazing prices. It has become one of the major export items. Now with the small industries in operation, local people are getting more jobs. Plum trees grow naturally. So they also should be grown in plantations," Soe Win Myint suggested.

Plums naturally grow in Mandalay, Sagaing and Magway regions. Plume grinders are mostly operating in Yenangyaung, Chauk, Malaing, Taungtha and Meiktila. 185

# Peru: Priest of Pacopampa exhumed after 3,000 years

**Lima August 29**

A tomb which had lain undisturbed for 3,000 years has been unearthed during excavations in northern Peru, authorities say.

The occupant of the grave was dubbed the Priest of Pacopampa by archaeologists after the highland area where it was found.

Researchers dug through six layers of ash mixed with black earth to reach his skeleton, which was accompanied by two seals and other sacred offerings.

They described the find as important.

The seals indicated the presence of ancient ritual body paint used for people of elite status, Peru's culture ministry said in a statement.

Project leader Yuji Seki told Reuters news agency that the large size of the tomb, nearly 2m (2.2 yards) in diameter and 1m deep, was "very peculiar," as was the position of the body lying face down with one half of his body extended and feet crossed.

"I think this was a leader in his time," he added.

"The find is extremely important because he is one of the first priests to begin to control the temples in the country's northern Andes," Mr Seki told AFP news agency.

The Pacopampa site, 2,500m above sea level, includes nine monumental ceremonial buildings of carved and polished stone.

They are estimated to date from about 700 to 600 years BC.

The excavation is a joint endeavour involving archaeologists from the National Museum of Ethnology in Japan and from Peru's National University of San Marcos.

BBC

# Storm Idalia strengthens into hurricane ahead of Florida landfall

**Florida August 29**

Tropical Storm Idalia has strengthened into a hurricane as it barrels towards Florida, with officials warning of potential destruction and risk to life.

It will intensify into an "extremely dangerous major hurricane", forecasters say, before slamming into the state's western shoreline on Wednesday.

Much of Florida, including the heavily populated area around Tampa, will be affected by severe weather.

High winds, heavy rain and potentially deadly storm surges are all forecast.

"Don't be complacent. Don't get relaxed," Mayor Dan Allers of Fort Myers Beach told residents on Monday.

The coastal city, which is still recovering from last year's deadly Hurricane Ian, is one of many areas in southwest Florida where residents are weighing whether to evacuate.

Some 14 million people in the state are under hurricane and weather warnings, owing to Idalia's uncertain path as it gathers force and moves northward over the Gulf of Mexico.

"This is going to be a powerful hurricane," Governor Ron DeSantis said at a news conference on Monday. "This is absolutely going to impact the state of Florida in many, many ways."

President Joe Biden has approved an emergency declaration in preparation for it making landfall. Governor DeSantis, meanwhile, has declared a state of emergency in dozens of counties and evacuation orders are in place for 21 of them.

Mr DeSantis encouraged Florida residents in low-lying coastal areas to seek higher ground. "Floridians, you need to be executing your plans now," he said. "Buckle up for this one."

BBC

# Border trade camps along Myanmar-China border handled more than US$1,500 million worth of trade value from 1 April to 25 Aug


A border trade camp on the border with China.

**Nay Pyi Taw August 29**

Border trade camps opened along Myanmar-China border managed trade volume worth US$1,553.59 million during the period from 1 April to 25 August this year of 2023-24 financial year, said deputy director Daw Cho Thet Mu of the Trade Police Branch of the Department of Trade under the Ministry of Commerce.

These camps handled more than US$888.145 million worth of exports and US$665.45 million worth of imports with China.

"The total trade value between Myanmar and China through border trade camps managed US$1,553.595 million during the aforesaid period. Such an amount exceeded US$696.22 million more than the corresponding period of last fiscal year," she added.

Myanmar businesspersons export onion, chilli, rubber, marine products and other goods to China and import construction materials, electronic products, machines, foodstuffs and medicines in the cross-border trade.

Myanmar is trading with China through border trade camps in Muse, Lweje, Chinshwehaw, Kengtung and Kanpaiti. ASH

# Bangladesh agrees to import 200 tons of onion from Myanmar

**Nay Pyi Taw August 29**

Bangladesh allowed its businesspersons to import 200 tons of onion from Myanmar, according to the Myanmar Trade Promotion Organization.

Due to domestic demand Bangladesh decided to import onion from neighbouring countries. Now, the government restricted plans to levy 40 per cent tax from importing onion from India. So, prices of onion in Bangladesh immediately skyrocketed.

Despite importing onion abroad, Bangladesh cultivates onion at home. As tax over Indian onion was raised, prices of onion in Bangladesh went up to 80-85 Taka per kilo, up from to 65-80 Taka per kilo in the second week of August.

In order to reduce prices of onion at home, the Agriculture Ministry of Bangladesh allowed import of 21,580 tons of onion from India, China, Egypt, Pakistan, Qatar, Turkyie, Myanmar, Thailand, the Netherlands and UAE, 200 tons of which must be imported from Myanmar.


Onions being sorted out for packaging.

Moreover, Myanmar plans to export onion to the Philippines through G to G system, potential to raise prices of onion at home.

At Bayintnaung depot in Yangon, prices of onion reached KL2,700 to K3,300 per viss depending on quality and sizes.

336

# Basic fish breeding and hatchling course to be conducted in Mandalay Region

**Mandalay August 29**

A training course on basic fish breeding and hatchling will be conducted for local fish farmers in Mandalay Region, said U Tun Naung Win, assistant director of Thayetgon fishery camp.

The course aims to provide knowledge of fish breeding and breeding techniques and enable the local fish farmers to breed freshwater fish systematically, use fish feedstuff safely and engage in hatchling.

The course will be conducted at Thayetgon fishery camp, and 20 to 25 trainees will be accepted. It is a both theoretical and practical course that will be available free of charge.

"Those interested in fish farming will be trained. With this training, they will be systematic in their business. The two-day course will start in the first week of September in accord with the Covid-19 rules by experts from the fishery camp. There will be more fish farmers and they will gain benefits. We will provide necessary suggestions," the assistant director explained.

Under the course title are various ways of farming fish and producing healthy fish and good species.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan to develop paddy husk-fired industries in Ayeyawady Region

**Pathein August 29**

Ayeyawady Region government stated that efforts are being made to develop the industries using energy from the paddy husk.

More than 5.2 million acres of land is under monsoon and summer paddy in Ayeyawady Region. The rgion yields more than 416 million baskets of paddy yearly. In milling paddy, rice mills discard more than 1.8 million tons of paddy huck.

Now, the regional government supervises use of paddy husk at industries under supervision of the Industrial Supervision and Inspection Department and Environmental Conservation Department.

Paddy husk briquette factories, 543 rice mills and four steam turbines, one distrillery factory, and other 239 factories are using paddy husk to be generated electricity.

But, these industries use just more than 1.3 million tons of paddy husk per year. So, the region remains more than 500,000 tons of paddy husk yearly. As such, the region government will build 24 0.5MW power plants using paddy husk, one 30MW steam generator and six paddy husk briquette factories.

Departmental officials inspected systematic use of paddy husk in operating the gasifiers to generat electricity for running industries.

336


A pile of paddy husk.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Northrop Grumman ကုမ္ပဏီက အသေးစားလေဆာလက်နက်ကို အမေရိကန်အစိုးရထံပေးပို့ခဲ့




Northrop Grumman ကုမ္ပဏီသည် Phantom ဟုခေါ်သော အသေးစား လေဆာလက်နက်ကို အမေရိကန်အစိုးရထံ ပေးပို့ခဲ့ပြီး အစွမ်းထက်ရုံသာမက သေးငယ်ပြီး အကြမ်းခံနိုင်သော အနာဂတ်လေဆာလက်နက်များ တီထွင်ထုတ်လုပ်နိုင်ခြင်းကို ပြသလိုက်ခြင်းဖြစ်ကြောင်း newatlas.com သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆာရောင်ခြည်များသည် ပစ်ခတ်မှုတစ်ခုလျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာဖြင့် ပစ်မှတ်များကို အလင်းအမြန်နှုန်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်သည့် အလားအလာရှိသော အလှည့်အပြောင်းဖြစ်နိုင်စေမည့်လက်နက်စနစ်အဖြစ် စစ်ဘက်အတွက် အလွန်ဆွဲဆောင်မှုရှိနေသည်။ မကြာသေးမီကာလ အများစုသည် လေဆာရောင်ခြည်ကို ထိရောက်အောင်လုပ်ခြင်း၊ ပစ်မှတ်ကို lock on ပြုလုပ်ခြင်းနှင့် တာဝေးတွင် လေဆာအလင်းတန်းများကို ထိန်းချုပ်ခြင်းတို့အပေါ် အာရုံစူးစိုက် တီထွင်ကြိုးပမ်းလာခဲ့ကြသည်။

သို့သော် Phantom ကဲ့သို့သော လေဆာလက်နက်များ၏ အခြားတစ်ဖက်တွင် ထည့်သွင်းစဉ်းစားစရာကျန်ရှိနေပေသေးသည်။ မည်မျှအစွမ်းထက် ထိရောက်မှုရှိသည့် လက်နက်ပင်ဖြစ်စေကာမူ လေဆာလက်နက်သည် အလွန်ကြီးမားပြီးထိရှလွယ်သောဖရန်ကင်စတိန်း၏ ဘီလူးကြီးပုံစံဖြစ်နေပါကအသုံးဝင်မည်မဟုတ်ပေ။ ၎င်းသည် ရှေးခေတ်ရေဒီယို၏ အတွင်းပိုင်းလုပ်ဆောင်ပုံနှင့် Meccano စက်ယန္တရားပစ္စည်းများကြား ပေါင်းစည်းထားမှုနှင့်တူပြီး အလေးချိန် တန်များစွာရှိနိုင်မည်ဖြစ်သည်။ (ဆိုလိုသည်မှာ-ဖရန်ကင်စတိန်း၏ စိတ်ကူးယဉ်ဇာတ်ကောင် ဘီလူးကြီးကိုဆိုလိုခြင်းဖြစ်ပြီး လေဆာလက်နက်စနစ်၏ ကြီးမားကျယ်ပြန့်စွာ ဖွဲ့စည်းတည်ဆောက်ရမှုကို ဆိုလိုခြင်းဖြစ်ဟန်တူသည်။)

ယခု Phantom လေဆာလက်နက်၏ 10-kW Output စွမ်းအားသည်Lockheed Martin ကုမ္ပဏီထုတ် နောက်ဆုံးထွက် 300-kW လေဆာလက်နက်နှင့်နှိုင်းယှဉ်ပါက များစွာနိမ့်ပါးသော်လည်း ထုထည်အားဖြင့် 12 $ft^3$ (0.3 $m^3$) အတွင်းသာ စွမ်းအားဖြည့်နိုင်ပြီး အလေးချိန် 200 lb (90 kg) ထက်နည်းသော အားသာချက်ရှိနေကြောင်း သိရသည်။ ပေါ့ပါးပြီးကျစ်လျစ်သိပ်သည်းစွာ လူနှစ်ဦးတည်းဖြင့် တပ်ဆင်ရန်လုံလောက်၍ အကြမ်းခံသည်။

Phantom လေဆာလက်နက်သည် ပြီးပြည့်စုံသော လေဆာလက်နက်မျိုးမဟုတ်သော်လည်း လေဆာလှိုင်း (ရောင်စဉ်တန်း) ထုတ်လုပ်ပေးနိုင်သည့် ဂျင်နရေတာပုံစံမျိုးဖြစ်သည်။ Plug-In Component ဟုခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ အစိတ်အပိုင်းတစ်ခုထက် ပိုမိုသည့်စနစ်ဖြစ်သည်။ ၎င်းကို သင့်လျော်သော လက်နက်စနစ်တစ်ခုအဖြစ် ပြောင်းလဲရန်၊ ပစ်မှတ်ပေါ်သို့ အလင်းတန်း လွှင့်ထုတ်ရန်အတွက် ပါဝါထောက်ပံ့မှုအပြင် ပစ်မှတ်ချိန်ရွယ်ခြင်း၊ Optics အလင်းတန်းစူးစိုက်ခြင်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်ထားရန် လိုအပ်သည်။

ခက်ခဲသောအချက်မှာ သေးငယ်အကြမ်းခံသောလေဆာများကို ပိုမိုအားကောင်းစေပြီး အစွမ်းထက်၊ပိုမိုသေးငယ်က (ပေါ့ပါး)၊ အကြမ်းခံစေရန်ပြုလုပ်ခြင်းဖြစ်သည်။ ကုန်ကျစရိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ အောင်မြင်စွာညှိနှိုင်းလုပ်ဆောင်နိုင်မည်ဆိုပါက လေဆာလက်နက်စနစ်ကောင်းတစ်ခုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အဆင့်မြင့်စွမ်းရည်ကို အရွယ်အစားပိုင်းတွင် သေးငယ်အောင်ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် နည်းပညာ၏ လက်လှမ်းမီမှုကို တိုးတက်လုပ်ဆောင်နေပြီး စွမ်းအင်မြင့်လေဆာလက်နက်များထုတ်လုပ်မှုတွင် ဆက်လက်ဦးဆောင်နေကြောင်း မဟာဗျူဟာမြောက်အာကာသစနစ်များဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ Robert Fleming က ပြောကြားခဲ့သည်။

Northrop Grumman ကုမ္ပဏီသည် တိုက်လေယာဉ်အတွက် အလွန်ကျစ်လျစ်သော၊ ပေါ့ပါးပြီး ထိရောက်သောလေဆာရောင်ခြည်ကို ထုတ်လုပ်ပေးရန်အတွက် တိုက်ရိုက်စွမ်းအင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချ ဖော်ဆောင်နေခြင်းဖြစ်သည်ဟု Robert Fleming က ဆက်လက်ပြောကြားသည်။

**Northrop Grumman delivers rugged mini-laser weapon to US government ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ထုတ် AN/TPQ-36 တန်ပြန်အမြောက်ရှာရေဒါစနစ်ကို ရုရှားထုတ် Lancet ဒရုန်းဖြင့် ဖျက်ဆီးနိုင်ခဲ့



ရုရှား ZALA Lancet တိုက်ခိုက်ရေးဒရုန်းသည် ယူကရိန်းထုတ် AN/TPQ-36 တန်ပြန်အမြောက်ထောက်လှမ်းရေးရေဒါတစ်စီးကို တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက်က https://www.armyrecognition သတင်းဌာနက ရေးသားဖော်ပြထားသည်။

မှတ်တမ်းများအရ အမေရိကန်နိုင်ငံသည် အဆိုပါရေဒါ အမျိုးအစားများကို ယူကရိန်းသို့ ၂၀၁၅ ခုနှစ်က စတင်ပံ့ပိုးခဲ့ပြီး ယခုလတွင် စုစုပေါင်း ၇၄ စီးပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

AN/TPQ-36 တန်ပြန်အမြောက်ထောက်လှမ်းရေးရေဒါကို ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းသည် ယူကရိန်းပဋိပက္ခအတွင်း ထိုကဲ့သို့သော စစ်လက်နက်ပစ္စည်းများ၏ မဟာဗျူဟာမြောက်အရေးပါမှုကို အလေးပေးဖော်ပြလျက်ရှိသည်။ AN/TPQ- 36 ကဲ့သို့ တန်ပြန်အမြောက်ထောက်လှမ်းရေးရေဒါများကို ရန်သူအမြောက်ပစ်ခတ်မှုများကို လျင်မြန်စွာ ထောက်လှမ်းနိုင်စေရန်အတွက် အထူးတီထွင်ထုတ်လုပ်ထားပြီးအမြောက်ပစ်ခတ်မှုတည်နေရာကိုပါ အတိအကျဖော်ထုတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

ရန်သူအမြောက်တည်နေရာများကို ဖော်ထုတ်ပြီးသည်နှင့် ပစ်မှတ်ထားဖျက်ဆီးနိုင်ရန်ရည်ရွယ်၍ ဖြစ်နိုင်ခြေရှိသော တန်ပြန်ပစ်ခတ်မှု မဟာဗျူဟာများရေးဆွဲရန်အတွက် အဆိုပါရေဒါများမှတစ်ဆင့် ပေးပို့သောဒေတာများကို အသုံးပြုနိုင်သည်။

အဆိုပါ ရေဒါသည် အဓိကလုပ်ဆောင်မှုအပြင် ၎င်းတို့သည် ရှေ့တန်းတွင်တပ်စွဲထားသော တပ်ရင်း၊ တပ်ဖွဲ့များအတွက် ကြိုတင်သတိပေးစနစ်တစ်ခုအဖြစ်လည်း လုပ်ဆောင်နိုင်သည်။ အနီးဝန်းကျင်ရှိ ရန်သူအမြောက်များ၏ ခြိမ်းခြောက်မှုကို ကြိုတင်သတိပေးနိုင်ခြင်းဖြင့် မိမိတပ်ဖွဲ့ဝင်များ အချိန်မီရှောင်ရှားနိုင်စေပြီး ထိခိုက်ဆုံးရှုံးနိုင်မှုကိုလျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခြေလျင်တပ်ဖွဲ့ဝင်များအတွက် အဆိုပါရေဒါမျိုးကို တိုက်ခိုက်ဖျက်ဆီးခံရခြင်းသည် တိုက်ပွဲဝင်စွမ်းရည်အတွက် သိသိသာသာ အားနည်းချက်ဖြစ်ပေါ်စေသည်။ တပ်ဖွဲ့ဝင်များသည် မမျှော်လင့်ထားသော ရန်သူအမြောက်ပစ်ခတ်မှုများကြုံတွေ့ရနိုင်ပြီး နည်းဗျူဟာဆိုင်ရာစစ်ဆင်ရေးများတွင် အနှောင့်အယှက်များဖြစ်လာနိုင်သည်။ သို့ဖြစ်၍ ဆုံးရှုံးသွားသောရေဒါစနစ်များကို အစားထိုးတပ်ဖြန့်အသုံးပြုနိုင်ရန် အုပ်ချုပ်ထောက်ပံ့ပို့ဆောင်မှုစနစ်ကောင်းမွန်ရန် လိုအပ်မည်ဖြစ်သည်။

Item 52/ Item 51 ဟုလည်း ရည်ညွှန်းသုံးနှုန်းလေ့ရှိသော ရုရှားထုတ် ZALA Lancet တိုက်ခိုက်ရေးဒရုန်းသည် ရုရှားနိုင်ငံ၏ ZALA Aero Group က ထုတ်လုပ်သော ဒရုန်းနှင့် Loitering Munition တိုက်ခိုက်ရေးလက်နက်အမျိုးအစားဖြစ်သည်။ မော်စကိုမြို့ရှိ ARMY-2019 စစ်ဘက်ဆိုင်ရာကုန်စည်ပြပွဲတွင် စတင်ပွဲဦးထွက်မိတ်ဆက်ခဲ့ပြီး ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးရည်မှန်းချက်တာဝန်နှစ်ရပ်စလုံး ထမ်းဆောင်နိုင်သည်။ ၎င်းတွင် Optical-Electronic လမ်းညွှန်မှု၊ တီဗီလမ်းညွှန်မှုမော်ဂျူး၊ ထောက်လှမ်းရေး၊ လမ်းညွှန်ထိန်းကျောင်းမှုနှင့် ဆက်သွယ်ရေးစနစ်များပါဝင်သည်။

Lancet ဒရုန်း၏ ထင်ရှားသော စွမ်းရည်မှာ ၎င်း၏ ဝေဟင်မိုင်းခင်းခြင်းလုပ်ဆောင်ချက်ဖြစ်သည်။ ထို့ကြောင့် ဒရုန်းသည် ပျံသန်းစဉ်အတွင်း ဒရုန်းကိုပစ်မှတ်ထားပြီး ပျက်ပြယ်သွားစေနိုင်သော တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းအရှိန်ဖြင့် ဒိုင်ဗင်ထိုး တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၄၀ နှင့် ၁၂ ကီလိုဂရမ် အလေးချိန်ရှိသော တိုက်ခိုက်ရေးဒရုန်းသည် ပေါက်ကွဲအားမြင့်သော သို့မဟုတ် HE-Fragmentation ထိပ်ဖူးများကို တပ်ဆင်အသုံးပြုနိုင်သောကြောင့် ရုရှားစစ်ဘက်အတွက် အစွမ်းထက်လက်နက်စနစ်တစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

**Russian Lancet drone destroys US-supplied Ukrainian AN/TPQ-36 counter-artillery radar ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၈၂၃၃၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စိုက်ပျိုးထားသည့် မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၈၂၃၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ဦးက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ဧက ၈၀၀၅၀ စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၂၃၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ၂၂၈၃ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးခရိုင်မှာ မိုးမြေပဲဧက ၈၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုဧက ၈၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧကအထွက်နှုန်းတိုးဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၁၀၆၇ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၃၅၇၁၀ နှင့် ဒီပဲယင်းမြို့နယ်တွင် ၃၅၅၅၆ ဧက စုစုပေါင်း ၈၂၃၃၃ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၁၀၂၉ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၄၀၁၅ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၃၅၀၀၆ ဧက စုစုပေါင်း ၈၀၀၅၀ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မိုးမြေပဲ အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ဆောင်းမြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၀၁၂၉ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၂၉၁၅ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၃၅၀၀၆ ဧက စုစုပေါင်းဧက ၇၈၀၅၀ စိုက်ပျိုးရန် လျာထားကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# ဆော့လော်မြို့နယ် ဂျိတ်လွယ်ကျေးရွာတွင် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဆော့လော် ဩဂုတ် ၂၉**

ကချင်ပြည်နယ် ချီဖွေခရိုင် ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ဂျိတ်လွယ်ကျေးရွာတွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးသူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဦးစိုးသူနှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဆော့လော်မြို့နယ် ဂျိတ်လွယ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မင်းဘူးမြို့နယ် မုတ်ခဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုတ်ခဲကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပိုင်စိုးသူက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် မုတ်ခဲကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဦးစီးမှူးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ငွေကျပ် သိန်း ၂၁၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက မုတ်ခဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၈၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ရှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ငွေကျပ် သိန်း ၂၁၀ ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပိုင်စိုးသူက ပြောပြ၍ သိရသည်။

**ခင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၈-၂၀၂၃

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဒေသတွင်း ဆန်စပါးဖူလုံမှုနှင့် ပတ်ဝန်းကျင်လယ်ယာမြေများကို ထိခိုက်နိုင်မှုမရှိပါက တောင်သူများအတွက် ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိနိုင်သောသီးနှံ Cash Crop ကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန်လို





**နေပြည်တော် ဩဂုတ် ၂၉**

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၁၀)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူခဲ့သော လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ နစ်နာမှုမရှိစေရေး တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ နစ်နာကြေးလျော်ကြေးများ အချိန်မီပေးလျော်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် အသုံးပြုသည့်မြေကို မြေအမည်ပေါက်ပိုင်ဆိုင်ရေး လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ လယ်မြေကို စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် အချို့သောနေရာဒေသများ၌ ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိနိုင်မည့် သီးနှံ Cash Crop ပြောင်းလဲစိုက်ပျိုးခွင့် တင်ပြလာမှုများအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး ဒေသတွင်း ဆန်စပါးဖူလုံမှုနှင့် ပတ်ဝန်းကျင်လယ်ယာမြေများကို ထိခိုက်နိုင်မှုမရှိပါက တောင်သူများအတွက် ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိနိုင်သော သီးနှံ Cash Crop ကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

အခြားတစ်ဖက်တွင်လည်း လယ်ယာမြေများ တိုးချဲ့အသုံးပြုနိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့သောမြေများတွင် လုပ်ပိုင်ခွင့်ရဧရိယာအားလုံးကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖော်ထုတ်လုပ်ကိုင်ပြီးစီးခြင်း၊ သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းမှုရှိပြီး ဆွတ်ခူးနိုင်ရန် အရွယ်ရောက်ရှိနေခြင်း၊ အနာဂတ်တွင် လယ်ယာမြေအဖြစ် ဆက်လက်တည်တံ့သွားရန် အခြေအနေရှိခြင်း၊ လယ်ယာမြေအဖြစ် ဆက်လက်တည်တံ့သွားခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုဖော်ဆောင်ပေးနိုင်ခြင်း စသည့် အချက်များနှင့်ညီညွတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို အရင်းအနှီးကုန်ကျခံ၍ စိုက်ပျိုးလုပ်ကိုင်သူက လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ဥပဒေနှင့်အညီ လျှောက်ထားလာမှုများအပေါ် လယ်ယာမြေဥပဒေပါ အခွင့်အရေးများခံစားနိုင်ရေးနှင့် လယ်ယာမြေများဥပဒေနှင့်အညီ တိုးချဲ့နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသူများက သုံးသပ်ဆွေးနွေးဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၀)ကြိမ်မြောက် အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ကိုင်ခွင့်ရရှိထားပြီး စိုက်ပျိုးလုပ်ကိုင်မှုတည်ငြိမ်နေသည့် မြေများကို လယ်ယာမြေဥပဒေ ပုဒ်မ ၃၄ နှင့် လယ်ယာမြေနည်းဥပဒေ ၃၅၊ ၃၆ တို့အရ လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားလာသည့် လုပ်ငန်းရပ်များ၊ လယ်ယာမြေတွင် MSME လုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်ရန် အခြားနည်းအသုံးပြုခွင့် တင်ပြလာသောကိစ္စရပ်များအပါအဝင် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ တင်ပြလာသောစာတွဲများအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တီဘီရောဂါဖြစ်ပွားသူများ တစ်ယောက်မျှမကျန်ရှိစေရေး ရောဂါစမ်းသပ်စစ်ဆေးမှုများကို များများရှာ၊ မြန်မြန်ကုပြီး ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ရမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း၏ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ၂၀၂၂ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကာကွယ်ဝန်ကြီးဌာန အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)နှင့် အကျဉ်းဦးစီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန တာဝန်ခံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တီဘီရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေးဖြေရှင်းရမည့် ပြည်သူ့ကျန်းမာရေးပြဿနာဖြစ်ကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် တီဘီဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် နိုင်ငံတော်အစိုးရက ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ငါးသန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းခွဲဝေချထားကြောင်း။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားမဟာဗျူဟာစီမံကိန်း (National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပန်းတိုင်ပြည့်မီအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများအရ တီဘီဆေးကုသမှုအောင်မြင်နှုန်း ၈၇ ရာခိုင်နှုန်း၊ တီဘီ၊ အိပ်ချ်အိုင်ဗွီဒွန်တွဲလူနာများ၏ တီဘီဆေးကုသမှုအောင်မြင်နှုန်း ၇၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ဆေးယဉ်ပါးတီဘီဆေးကုသမှု အောင်မြင်နှုန်း ၇၆ ရာခိုင်နှုန်းနှင့် တီဘီရောဂါသည် ဆေးပုံမှန်သောက်ပါက ပျောက်ကင်းနိုင်သည့်ရောဂါဖြစ်သည့်အတွက် တီဘီရောဂါဖြစ်ပွားသူများ တစ်ယောက်မျှမကျန်ရှိစေရေး ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်၍ များများရှာ၊ မြန်မြန်ကုပြီး ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာမျိုးစုကြည်က တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ပိုးမွှားဗေဒအထူးကုဆရာဝန်ကြီး ဒေါက်တာဝင့်ဝင့်ညွန့်က တီဘီရောဂါရှာဖွေခြင်းဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကာ Foxes အသင်းနှင့် Bana အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ Bana အသင်းက Foxes အသင်းကို အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများကို ဘတ်စကက်ဘောလုံးများ ထောက်ပံ့ပေးသော WOW SPORTS ကုမ္ပဏီအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများကU-20 (3×3) အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများမှ အားကစားသမား တစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ (5×5)အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့်အသင်းများမှ အားကစားသမား တစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ အကောင်းဆုံးဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသောအသင်းများကို တံခွန်စိုက်ဆုများကိုချီးမြှင့်ရာ U-20(3×3) အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ အင်းတော်(က)အသင်း၊ U-20 (3×3) အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ တောင်ကြီးအသင်း၊ (5×5) အလွတ်တန်း အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ MOHA အသင်းတို့ကို ပထမတံခွန်စိုက်ဆုများကိုလည်းကောင်း၊ (5×5)အလွတ်တန်း အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဗိုလ်လုပွဲပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည့် Bana အသင်းကို ပထမဆု တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများကို ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးကျော်မျိုးထွန်း၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၈၂ ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၇၈ ဦး တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

Myanmar Electronic Voting Machine(MEVM) စက်ကို ရွေးကောက်ပွဲများတွင် အသုံးပြုဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိမည့်အပြင် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရမည်

**နေပြည်တော် ဩဂုတ် ၂၉**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ရွှေ့လျားရေသန့်စင်ကား ရှစ်စီးဖြင့် ရေဂါလန် ၁၂ ဒသမ ၅၃ သိန်း၊ မိုဘိုင်းဆိုလာရေသန့်စင်စနစ် အခု ၂၀ ဖြင့် ရေဂါလန် သုည ဒသမ ၆၄ သိန်း၊ Life Straw ရေသန့်စနစ်ဖြင့် ရေဂါလန် ၄ ဒသမ ၆၂ သိန်း စုစုပေါင်း သောက်သုံးရေဂါလန် ၁၇ ဒသမ ၇၉ သိန်းကို ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ သောက်သုံးရေများသယ်ယူရန် 20 Liter Bucket ရေပုံးများကိုလည်း ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုများကြောင့် ဆားငန်ရေများဝင်ရောက်ခဲ့သည့် မြေသားရေကန် ၂၃၃ ကန်ကိုလည်း ရေငန်များစုပ်ထုတ်ခြင်း၊ နုန်းအနည်အနှစ်များစုပ်ထုတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သောက်သုံးရေများအမြန်ရရှိရေး လက်တူးတွင်းများတူးဖော်ခြင်း၊ ရေစုကန်၊ ရေစက်ရှဲ၊ ရေစင်အမိုးများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနဘတ်ဂျက်နှင့် ယူနီဆက်ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်ရမည့် ကျေးရွာချင်းဆက်လမ်းနှင့်တံတားများ၊ ကုန်ထုတ်လမ်းတံတားများ၊ မီးလင်းရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်းဆောင်ရွက်လျက်ရှိပြီး အချို့လုပ်ငန်းများကိုလည်း လာမည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအဖြစ် သမဝါယမဦးစီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း မြို့နယ် ၁၂ မြို့နယ်ရှိ သမဝါယမအသင်း ၄၃ သင်းမှ အသင်းသားတောင်သူများ၏ စိုက်ဧက ၆၁၁၈ ဧကအတွက် လိုအပ်သော GW-11 မျိုးစပါး 20 Kg ၅၅၁ အိတ်၊ အခြားစပါးမျိုး ၅၅၆၇ တင်း၊ ပုလဲ ဓာတ်မြေဩဇာ 50 Kg ၄၂၃၆ အိတ်၊ ကွန်ပေါင်း၊ တီစူပါ 50 Kg အိတ် ၆၄၆၀ တို့ကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပေါ်ဆန်းရင်မျိုးစပါး ၄၀၀၆၇ တင်း၊ GW-11 မျိုးစပါး တင်း ၂၁၅၀၀၊ နှံကောက်



မျိုးစပါး တင်း ၇၈၃၀၊ ကြားပုံမျိုးစပါး တင်း ၄၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ ယနေ့ထိ စိုက်ပျိုးဧက ၆၂၅၄၆ ဧကတွင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးဧက ၁၉၉၂၉ ဧကကို ထွန်ယက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ကော်မတီဝင်များက ဌာနအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မေ ၂၀ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သော လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာရှိ ရေတွင်း ရေကန်များကို တွင်းဆေးတွင်းမှုတ်သန့်စင်ပေးနိုင်ခဲ့မှု၊ ရေသန့်စင်ကားဖြင့် ရက်ပေါင်း ၂၀ ရက်ကြာ သောက်သုံးရေများဖြန့်ဝေပေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကျေးရွာပြည်သူများမှတင်ပြသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် မဂွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းပိုင်းနှင့် နောင်မွန်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကြည့်ရှုစစ်ဆေး

**ပူတာအို ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၆ ရက်က



ခေါင်လန်ဖူး-ဆရမ်ဖာလမ်း ၁၂ မိုင် ၄ ဖာလုံမှ လေးမိုင် ဖောက်လုပ်ပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်ဖောက်လုပ်မည့် မြေလမ်း နှစ်မိုင်၏ အခြေအနေနှင့် ခေါင်လန်ဖူးမြို့ မြို့မဈေးသန့်ရှင်းသာယာလှပရေး၊ မြို့စိမ်းလန်းစိုပြည်စေရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် တိုးချဲ့မြို့ကွက်သစ် ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး နေရာချထားမည့် ဒေသခံများနှင့်တွေ့ဆုံ၍ နေရာချထားမည့် အခြေအနေနှင့် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၅ ရက်က မဂွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းပိုင်းတစ်လျှောက် လမ်းပိုင်းပျက်စီးမှုမရှိစေရေး မြေထိန်းနံရံနှင့် ကျောက်စီရေမြောင်းတည်ဆောက်မည့် နေရာများ၊ မိုးသည်းထန်မှုကြောင့် လမ်းဘေးမြေသားပြိုကျနိုင်သည့် နေရာများကို ကြည့်ရှုစစ်ဆေးကာ ခေါင်လန်ဖူးဒေသသို့ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၄ ရက်က နောင်မွန်မြို့ရှိ နမ်ပန်ဒမ်း လူကူးကြိုးတံတား နှစ်စင်း၏ ဆက်သွယ်သွားလာမှုအခြေအနေ၊ နောင်မွန်မြို့ ရေပေးဝေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရေတားတမံ၊ ဂါလန် ၆၀၀၀ ဆံ့နှင့် ၃၀၀၀ ဆံ့ ရေစုကန်များ တည်ဆောက်ထားရှိမှု၊ ရေပိုက်လိုင်း တစ်မိုင် သွယ်တန်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၃ ရက်က နောင်မွန်မြို့နယ်သို့ရောက်ရှိခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နောင်မွန်မြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ရွှေ့ပြောင်းအလုပ်သမားကိစ္စများနှင့် လူကုန်ကူးခံရသူများကို အကူအညီပေးရေးကိစ္စများကို အမြင်ချင်းဖလှယ် ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ရွှေ့ပြောင်းအလုပ်သမားကိစ္စများနှင့် လူကုန်ကူးခံရသူများကို အကူအညီပေးရေးကိစ္စများ၊ IOM နှင့် ဝန်ကြီးဌာနအကြား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနှင့် လူကုန်ကူးခံရသူများရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် IOM အကြားနားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ ညှိနှိုင်းပေါင်းစပ်မှုဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ပစ္စည်းများထောက်ပံ့ရေးအစီအစဉ်တွင် IOM မှ ပူးပေါင်းပါဝင်မှုများနှင့် IOM အဖွဲ့မှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာထောက်ခံချက်ပေးနိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေ့ပြောင်းလုပ်သား မိသားစုဝင်များ၏ ကလေးများကို အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)မှ အကြီးအကဲ Mr. Dragan Aleksoski နှင့်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IOMအဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံကျကာလသားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းလုပ်သား မိသားစုဝင်များ၏ ကလေးများကို အမီလိုက် ကာကွယ်ဆေးထိုး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ကျန်းမာရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

**နေပြည်တော် ဩဂုတ် ၂၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ လူသတ်၊ဓားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါသတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ဖြစ်ရပ်"**ခေါင်းစဉ်ဖြင့် ၃၀-၈-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေး-ရန်ကုန် ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထားကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်

**မန္တလေး ဩဂုတ် ၂၉**

မဟာအောင်မြေမြို့နယ် မဏီရတနာရာမ မြတောင်တိုက် ရာပြည့်ဗိမာန်တော်ကြီးတွင် ခေတ္တသီတင်းသုံးတော်မူနေသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက သွားရောက်ဖူးမြော်သည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းပြီး ဆရာတော်၏ ကံထပ်မင်္ဂလာတွင် ဆရာတော်အမှူးပြုသည့် သိမ်းဆင်းသံဃာ ၁၆ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က နဝကမ္မဝတ္ထုငွေများ လောင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး နယ်မြေခံတပ်၌ ဥစားကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်နယ်၌ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co., Ltd. က တင်သွင်းလာသော BYD Tang အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် တစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
| --- | --- | --- |
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဩဂုတ် ၂၉ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၆၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ်မတွေ့ရှိရကြောင်းနှင့် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**


မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သံဃာတော်များအား ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံဆေးကုသရေးအဖွဲ့နှင့် စေတနာ့ဝန်ထမ်းများက အဆိုပါတက္ကသိုလ်၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါတက္ကသိုလ်ရှိ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ကြည့်ရှုအားပေးစဉ်။**

# လှိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် ဩဂုတ် ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၈ နာရီ ၅ မိနစ် လှိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီး သွားကားလမ်းတွင် နောင်မင်းအေးမောင်းနှင်ပြီး တင်မောင်ထွန်းနှင့် မနှင်းနှင်းဝေတို့လိုက်ပါလာသည့် TOYOTA ALPHARD အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်၏ ကြမ်းခင်းအံ့ဂုက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီခွဲတွင် တပ်ကုန်းမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကင်းသာကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သန်းနိုင်နှင့်ဇနီး မမြမြသီတို့ကို TOYOTA KLUGER မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် တင်မောင်ထွန်း ၅၅ နှစ်၊ နောင်မင်းအေး ၂၆ နှစ်၊ မနှင်းနှင်းဝေ ၃၀ နှစ်၊သန်းနိုင် ၅၅ နှစ်နှင့် မမြမြသီ ၅၅ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

# ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွင်းမှ Super Custom မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် သုံးစီးတို့နှင့်အတူ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်လက်လုပ်သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ လက်လုပ်မိုင်း ကိုးလုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ အပ်နှံသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရွှေဘိုမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “JR AungAung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီးပျော်ဘွယ်မြို့နယ် ရိုးကြီးကျေးရွာနေ အောင်အောင်(ခ) ရန်မျိုးအောင်ကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ပျော်ဘွယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w kw d @

# အမုန်းခံပီတိ

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

မျိုးမင်း မောင်းလာသောဟွန်ဒါဖစ်ကားလေးသည် ဈေးကြီးရှေ့ ရပ်သွားသည်။

"အစ်ကို ခိုင် နည်းနည်းကြာမယ်နော်။ တစ်ပတ် စာဝယ်ရမှာဆိုတော့ စိတ်ရှည်ပေးနော်"

"ရတယ်ခိုင် အေးအေးဆေးဆေးဝယ်။ အစ်ကို စာအုပ်အဟောင်းတန်းဘက် စာအုပ်ရွေးရင်း အချိန်ဖြုန်းလိုက်မယ်"

ဈေးခြင်းတောင်းလေးဆွဲပြီး ခိုင် ဈေးထဲဝင်သွားသည်။ မျိုးမင်းလည်း ကားကိုသေချာလော့ချပြီး စာအုပ်အဟောင်းဆိုင်ဘက် ထွက်လာခဲ့သည်။ ယနေ့ ရုံးပိတ်ရက်မို့ထင်သည် စာအုပ်တန်းဘက်တွင် လူများလှသည်။

ယခုခေတ်တွင် ဖေ့စ်ဘွတ်များ၊ အင်တာနက်များ ခေတ်စားလာတော့ လူငယ်၊ လူကြီး တော်တော်များများ စာဖတ်အားနည်းလာကြသည်။ တချို့က လည်း အင်တာနက်ပေါ်မှာပဲ မိမိဖတ်ချင်သည့် စာအုပ်ကိုဒေါင်းလုတ်ဆွဲပြီး ဖတ်ကြသည်။ ထို့ကြောင့် စာအုပ်အငှားဆိုင်များလည်း ယခင်ကလို အလုပ်မဖြစ်ကြတော့။ စာအုပ်အငှားဆိုင်များ လျော့နည်းလာသည်။ စာအုပ်ဆိုင်ကနေ ဝယ်ဖတ်မည်ဆိုလျှင်လည်း တစ်လ တစ်အုပ်ထက် ပိုမဝယ်နိုင်ပါ။ စာအုပ်ဈေးများက ကောင်းလှသည်။ ထို့ကြောင့် မျိုးမင်းလည်း စာအုပ်အဟောင်းဆိုင်မှ စာအုပ်လေးများကိုသာ ဈေးနှုန်းချိုသာ၍ ဝယ်ဖတ်နေရသည်။

"ဆရာကြီး နွမ်ဂျာသိုင်းရဲ့ စာအုပ်တွေက ဘယ်ဘက်မှာရှိလဲဗျ"

ဆိုင်ရှင်ကို မျိုးမင်း မေးလိုက်သည်။

"ညာဘက်ခြမ်းမှာရှိတယ် ဆရာ"

ဆိုင်ရှင်ညွှန်ရာသို့ မျိုးမင်း လှမ်းကြည့်လိုက်သည်။

"စာအုပ်ရွေးနေတဲ့လူကြီးက ဆရာကြီးဦးဘဖြူနဲ့ တူလိုက်တာ"

မျိုးမင်းသေချာချင်၍ ထိုလူကြီးကို သွားနှုတ်ဆက်လိုက်သည်။

"ဆရာကြီးဦးဘဖြူပါလားခင်ဗျ"

ထိုလူကြီးက မျိုးမင်းကို လှည့်ကြည့်လိုက်သည်။ ဇဝေဇဝါဖြစ်၍ မျက်မှန်ကိုင်းကို ပင့်ကြည့်လိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော် ဦးဘဖြူပါ"

"ဆရာကြီး ဝမ်းသာလိုက်တာဗျာ။ ကျွန်တော် မျိုးမင်းလေဆရာကြီး။ ဆရာကြီးမှတ်မိလားမသိဘူး"

"စိတ်တော့မရှိပါနဲ့ကွယ်။ ဆရာကြီးလဲ တပည့်စုံ၊ နယ်စုံတွေ့ကြုံခဲ့ရတော့ အသေအချာမမှတ်မိဘူးကွဲ့"

"ရပါတယ်ဆရာကြီးရယ်။ ဒါပေမဲ့ ဆရာကြီးနဲ့ ကျွန်တော့်ကြားမှာရှိခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုကို ဆရာကြီးကိုပြောပြလိုက်ရင် ဆရာကြီးမှတ်မိမယ်ထင်ပါတယ်။ ဆရာကြီးအချိန်ရမယ်ဆိုရင် ဆိုင်တစ်ဆိုင်မှာ ဆရာကြီးကို ကျွန်တော် ညှော်ခံစကားပြောပါရစေခင်ဗျာ"

မျိုးမင်းနှင့်ဆရာကြီးတို့ ဈေးနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ထွက်လာခဲ့ကြသည်။ ဆရာကြီးသည် အသက် ၇၀ ခန့် ရှိမည်ထင်သော်လည်း ကျန်းမာရေးကောင်းပုံရသည်။ ဆရာကြီးလမ်းလျှောက်ပုံမှာ ပေါ့ပါးဖျတ်လတ်နေသည်။

"ဆရာကြီး မနက်စာတစ်ခုခုမှာပါခင်ဗျ"

"စားပြီးခဲ့ပါပြီကွယ်။ လက်ဖက်ရည်ပဲမှာလိုက်ပါ"

ဆရာကြီးနှင့်သူ့အတွက် မျိုးမင်းလက်ဖက်ရည်နှစ်ခွက်မှာလိုက်သည်။

"ဆရာကြီး ဆိပ်ဖြူမြို့မှာ ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့တုန်းက ကျွန်တော်က ကိုးတန်းကျောင်းသားပါဆရာကြီး"

လွန်ခဲ့သော အနှစ် ၂၀ ခန့်က ကိုးတန်းကျောင်းသားလေးတစ်ယောက်အကြောင်း ဆရာကြီးဦးဘဖြူကို ပြောပြမိသည်။

(၂)

"မျိုးမင်းရေ. . . ကျူရှင်သွားဖို့ စည်သူရောက်နေတယ်နော်"

"ဟုတ်ကဲ့ အမေ၊ စည်သူရေ ခဏနော်"

လေးထောင့်မှန်ထဲမှာပေါ်နေသောမိမိမျက်နှာကို သေချာကြည့်ပြီး မျိုးမင်းကျေနပ်သွားသည်။ ဂျယ်ဖြင့်ထောင်ထားသော ဆံပင်ပုံစံကိုလည်း မျိုးမင်း သဘောကျသွားသည်။ နောက်ဆုံးအဆင့် ရေမွှေးကောက်ဆွတ်လိုက်သည်။

"အမယ်လေးမျိုးမင်းရယ် နင်က ကျူရှင်သွားမဲ့ ကျောင်းသား၊ ရှုတင်သွားမဲ့ မင်းသားမဟုတ်ဘူး။ ကြည့်လဲလုပ်အုံး။ ဒီနှစ်ကိုးတန်းနော်။ နောက်နှစ် ဆယ်တန်းမရောက်လို့ကတော့ နင့်အဖေနဲ့တွေ့လိမ့်မယ်"

"အမေကလဲဗျာ၊ သားက သပ်သပ်ရပ်ရပ်နေတတ်လို့ပါ။ ရှိုးများတာမဟုတ်ပါဘူး"

"သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်တတ်တာကို အမေသဘောကျပါတယ်။ ဒါပေမဲ့ စာသင်တဲ့အရွယ်မှာ သိပ်ချောချင်၊ လှချင်တဲ့ဘက် စိတ်ရောက်သွားရင် ပညာရေးဘက်ကို ထိခိုက်မှာစိုးလို့ သတိပေးရတာပါကွယ်"

"ဟုတ်ကဲ့ပါ အမေရယ်။ ကျူရှင်နောက်ကျမှာစိုးလို့ သားတို့သွားမယ်နော်"

"အေးအေး သူငယ်ချင်းနှစ်ယောက် စက်ဘီး ဖြည်းဖြည်းစီးကြနော်"

မျိုးမင်းနှင့် စည်သူ စက်ဘီးကိုယ်စီဖြင့် ထွက်လာခဲ့ကြသည်။ ကျူရှင်ရောက်တော့ မျိုးမင်းတွေ့ချင်နေသောမျက်နှာလေးကို ရှာမိသည်။

"စည်သူ ဆွေဇင်မော် မလာဘူးထင်တယ်နော်"

"မင်းကလဲ ကျူရှင်စဖို့က လိုသေးတယ်လေကွာ လာမှာပေါ့။ မင်း တော်တော်အဖြစ်သည်းနေနော်။ ကျောင်းမှာလဲ တစ်နေကုန်မြင်နေရတာပဲဟာ"

"တစ်နေကုန်မြင်ရလဲ ငါ့အတွက် ကြည့်မဝနိုင်ဘူးကွာ။ ငါတော့ဖြစ်ချင်တာဖြစ် သူ့ကိုစာပေးပြီး ဖွင့်ပြောတော့မယ်ကွာ"

"မင်းအိမ်ကသိရင် ရိုက်ခံရမယ်နော်"

"ရိုက်ရိုက်ကွာ။ ငါတော့ မော့်ကို ဖွင့်ပြောတော့မယ်"

"မင်းပြဿနာ မင်းရှင်းနိုင်ရင်တော့ မတားတော့ဘူး ကိုယ့်လူ"

မျိုးမင်းရင်ထဲတွင် ဆွေဇင်မော်ကို ချစ်သည့်စိတ်များတားမရနိုင်၍ ဖြစ်ချင်တာဖြစ် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။

(၃)

ညစာထမင်းစားပြီး မျိုးမင်းကိုယ့်အခန်းထဲကို ဝင်ခဲ့သည်။ ထမင်းစားပြီး အချိုတောင်မတည်းတော့ဘဲ စာကြည့်ရန် ဝီရိယကောင်းနေသောမျိုးမင်းကို အဖေက ချီးကျူးနေသည်။ ကိုယ့်အကြောင်းကိုယ်သိသော မျိုးမင်းက စိတ်ထဲကနေ အဖေ့ကိုတောင်းပန်နေမိသည်။ မနက်ဖြန်ညနေ ကျူရှင်ဆင်းချိန်တွင် ဆွေဇင်မော်ကို ရည်းစားစာပေးရန် မျိုးမင်းဝီရိယကောင်းနေခြင်းဖြစ်သည်။ စာကျက်ရန်မဟုတ်။ ရည်းစားစာရေးရန်။ မျိုးမင်းစိတ်ထဲ ယခုအချိန်တွင်သင်္ချာလည်းမရှိ၊ မြန်မာစာလည်းမသိ ဆွေဇင်မော်သာရှိနေသည်။

နောက်တစ်နေ့ညနေ ကျူရှင်ဆင်းချိန် အခြားကျောင်းသား၊ ကျောင်းသူများအိမ်ပြန်ကြသော်လည်း မျိုးမင်း၏စက်ဘီးလေးက ဆွေဇင်မော့် စက်ဘီးလေးနောက်သို့လိုက်သွားပြီး မျိုးမင်းရင်တွေခုန်နေသည်။ ဆွေဇင်မော့် စက်ဘီးလေးနှင့်နီးလာတော့ မျိုးမင်း စက်ဘီးဘဲလ်လေးကို တီးလိုက်သည်။ ဆွေဇင်မော် လှည့်ကြည့်သည်။ မျိုးမင်းစက်ဘီးကို ဆွေဇင်မော့်စက်ဘီးလေးနားကပ်ပြီး လက်ထဲတွင် အသင့်ကိုင်ထားသောရည်းစားစာလေးကို စက်ဘီးခြင်းထဲပစ်ထည့်လိုက်သည်။ မော့်ကိုချစ်သလို ကြောက်သည့်စိတ်လည်းခံစားမိသည်။ ထို့ကြောင့် မျိုးမင်း ဆွေဇင်မော်ကို လှည့်မကြည့်တော့ဘဲ စက်ဘီးကို အရှိန်ဖြင့် နင်းထွက်ခဲ့တော့သည်။

(၄)

ယနေ့ကျောင်းသွားခါနီးတော့ ယခင်နေ့များနှင့်မတူ စိတ်ထဲတွင်လေးတေးတေးနှင့်။ ဆွေဇင်မော်သူ့ကိုစိတ်ဆိုးပြီး အတန်းပိုင်ဆရာမကိုတိုင်မည်ကြောက်မိသည်။ ကျောင်းမှတစ်ဆင့် အိမ်ကိုအသိပေးတိုင်မည်ကိုလည်း အတော်ကြောက်မိသည်။ အဖေသိရင် မျိုးမင်းမနေသာ။ ယခုမှ တွေးလေပိုကြောက်မိလေဖြစ်နေရသည်။ သို့သော် ကျောင်းကလည်း မတက်၍မဖြစ်ပြန်။ မျိုးမင်း ကျောင်းသို့ ထွက်လာခဲ့သည်။ အတန်းထဲရောက်တော့ ဆွေဇင်မော့်မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ဘေးနားက စန္ဒာတို့၊ အင်ကြင်းတို့နှင့် ရယ်ရယ်မောမောစကားပြောနေသည်။ ယခုမှ မျိုးမင်းသက်ပြင်းချနိုင်တော့သည်။

သို့သော် ဇီဝဗေဒဘာသာရပ်စာသင်ချိန်အပြီးတွင် မမျှော်လင့်သောအဖြစ်အပျက်တစ်ခုကိုရင်ဆိုင်လိုက်ရသည်။ ဇီဝဗေဒဘာသာရပ်ချိန်အပြီး နောက်ဆရာ မဝင်မီ ကျောင်းသား၊ ကျောင်းသူများ စကားပြောဆိုနေကြသည်။ ကျောင်းအုပ်ဆရာကြီး ဦးဘဖြူ စာသင်ခန်းများလိုက်စစ်နေသည်ကို မျိုးမင်းအပါအဝင် မည်သူမျှမသိကြပါ။

ဆွေဇင်မော်ထိုင်သည့်နေရာက လျှောက်လမ်းဘေးမှ ပြတင်းပေါက်နားတွင်ဖြစ်သည်။ မနေ့က မျိုးမင်းပေးလိုက်သောရည်းစားစာကို အိမ်တွင် မိဘများသိသွားမည်စိုး၍ ဆွေဇင်မော်မဖတ်ရဲ။ ယခုမှ ဆရာမဝင်မီ လွယ်အိတ်ထဲက ထုတ်ဖတ်နေမိသည်။ လက်ထဲက စာကို ဆွဲယူတာခံလိုက်ရသည်။ ဆွေဇင်မော်မော့ကြည့်လိုက်တော့ ကျောင်းအုပ်ဆရာကြီး ဦးဘဖြူ။ ဆွေဇင်မော်လက်ထဲကစာ ကျောင်းအုပ်ကြီး ဆွဲယူတာကို မျိုးမင်းအပါအဝင် အတန်းသူ၊ အတန်းသားများလည်းမြင်ကြသည်။ ခဏနေတော့ ကျောင်းအုပ်ကြီးရုံးခန်းသို့ မျိုးမင်းကို အခေါ်ခံရသည်။ ရုံးခန်းထဲရောက်တော့ မျိုးမင်းတို့အတန်းပိုင်ဆရာမနှင့်အတူ ဆွေဇင်မော်ကိုပါ တွေ့ရသည်။ ဆရာကြီးလက်ထဲတွင်လည်း စာတစ်စောင်ကိုင်ထားသည်။

"မျိုးမင်းဆိုတာမင်းလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါ မင်းစာလား"

ဆွေဇင်မော်ကိုပေးသော ရည်းစားစာဖြစ်သည်။

"ဟုတ်ပါတယ် ဆရာကြီး"

"မင်းက ကိုးတန်းပဲရှိသေးတယ်။ မိန်းမယူချင်နေပြီလား"

မျိုးမင်း ဘာမှပြန်မဖြေတတ်ပါ။

"ဒီအရွယ်နဲ့မိန်းမယူတော့ ကူလီလုပ်ကျွေးမှာလား။ ပညာရှာရမဲ့အချိန်မှာ ကြင်ရာဘက်ကို စိတ်ကစားမိရင် မင်းခွေးဖြစ်သွားလိမ့်မယ်ကွ နားလည်လား။ မင်းကွာ"

ဆရာကြီးဦးဘဖြူသည် ဂျယ်ဖြင့်ထောင်ထားသောမျိုးမင်းဆံပင်ကိုဆွဲ၍ ဇက်ပိုးကိုဖြောင်းခနဲရိုက်ချလိုက်သည်။ မျိုးမင်းအရိုက်ခံရသည်မှာ ဆွေဇင်မော်ရှေ့မှာမို့ ရှက်စိတ်မွှန်ထူသွားသည်။

"သွားတော့"

မျိုးမင်း ဆရာကြီးရုံးခန်းထဲမှထွက်လာခဲ့သည်။ ဆွေဇင်မော်တော့ ဘာဆက်ဖြစ်သည်မသိခဲ့ပါ။ မျိုးမင်း ဆရာကြီး ဦးဘဖြူကို နာကြည်းသွားသည်။ မိမိချစ်သောမိန်းကလေးရှေ့တွင် အရှက်ခွဲသည်ဟု ထင်သောကြောင့်ဖြစ်သည်။ စိတ်ထဲကလည်း မနောက်ဖြင့် ဆရာကြီးကို အကြိမ်ကြိမ်ပြစ်မှားပြောဆိုမိသည်။ ဆွေဇင်မော်ကိုလည်း မျက်နှာမပြရဲသောကြောင့် ဆက်မလိုက်ဖြစ်တော့။

(၅)

မျိုးမင်းလည်း ဆယ်တန်းရောက်တော့ မကွေးမြို့ဘော်ဒါဆောင်တစ်ခုကို အိမ်က ပြောင်းထားသည်။

စာမျက်နှာ ၂၅ သို့ ➤

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၂၉၇၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် ပဲမျိုးစုံဧက ၂၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ ဒီနှစ် ပဲမျိုးစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားဖို့အတွက် ပဲမျိုးစုံ အထွက်ကောင်းမျိုးကောင်းမျိုးသန့်တွေကို သုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ဒေသထွက်မြေဩဇာ အချိုးကျသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံ သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၈၈၇၁၅ ဧက၊ ပဲစင်းငုံဧက ၁၁၅၆၆၀ ဧက၊ စွန်တာပြာ ၂၁၄၂ ဧက၊ ထောပတ်ပဲဧက ၇၈၀ နှင့် အခြားပဲ သုံးဧက စုစုပေါင်းဧက ၂၀၇၃၀၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ပဲတီစိမ်းဧက ၉၀၅၉၀၊ ပဲစင်းငုံ ၁၃၆၁၃၅ ဧက၊ စွန်တာပြာ ၂၂၂၂ ဧက၊ ထောပတ်ပဲဧက ၇၉၀၊ အခြားပဲ သုံးဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် မိုင်းပတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်ထုတ်ချေး

**တန့်ယန်း ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် မိုင်းပတ်ကျေးရွာအုပ်စု မိုင်းပတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ် အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၄၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နံ့လာ**



➤ စာမျက်နှာ ၂၄မှအဆက်

ဆရာကြီးဦးဘဖြူလည်း ဆိပ်ဖြူမြို့မှ ပြောင်းသွားသည်ဟု သိရသည်။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်တော့လည်း မျိုးမင်းကျောင်းစာကိုသာ စိတ်ဝင်စားစွာသင်ယူခဲ့သည်။ တက္ကသိုလ်တွင် ပညာလည်းရာခွင့်ရှိသလို ကြင်ရာလည်းရှာခွင့်ရှိသည်ဆိုသော်လည်း မျိုးမင်းရည်းစားမထားခဲ့ပါ။

"ပညာရှာရမဲ့အချိန်မှာ ကြင်ရာဘက်ကိုစိတ်ကစားမိရင် မင်းခွေးဖြစ်သွားလိမ့်မယ်ကွ"ဆိုသော ဆရာကြီးဦးဘဖြူ၏စကားကို ကြားယောင်မိသည်လည်းပါသည်။ ပညာရှာရမဲ့အချိန်မှာ ပညာကိုပဲအာရုံထားခဲ့၍ ယခုဆို ဘွဲ့လည်းရခဲ့ပြီ။ ကုမ္ပဏီတစ်ခုတွင် လစာကောင်းသောမန်နေဂျာလည်းဖြစ်ခဲ့ပြီ။ ဘဝအဖော်မွန်ကောင်း ခိုင့်ကိုလည်း ပိုင်ဆိုင်ခဲ့ရပြီ။ ဘဝမှာ တင့်တင့်တယ်တယ်နေထိုင်နိုင်ခဲ့ပြီ။ သမ္မာအာဇီဝရှိစွာ အသက်မွေးဝမ်းကျောင်းပြုနိုင်ခဲ့သည်မှာ ဆရာကြီးဦးဘဖြူ၏ ကျေးဇူးများကြောင့်ဟု ယခုချိန်မှာတော့ မျိုးမင်းသိခဲ့ရပါပြီ။

ဆရာကြီးသာ အမှန်းခံပြီးမဆုံးမခဲ့ရင် မျိုးမင်း သည်ဘဝမရောက်နိုင်တော့ပါ။ ဆရာကြီးသည် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆိုသည့် ဆရာကျင့်ဝတ်နှင့်ညီသော မြတ်ဆရာတစ်ဦးသာဖြစ်ပါတော့သည်။

(၆)

စားပွဲပေါ်မှ လက်ဖက်ရည်နှစ်ခွက်က အေးစက်နေလေပြီ။

"မောင်မျိုးမင်းပြောပြတော့ ဆရာကြီး မောင်မျိုးမင်းကို ကောင်းကောင်းသိပါပြီကွယ်။ မောင်မျိုးမင်းရဲ့ လက်ရှိအနေအထားကိုသိရတော့ ဆရာကြီးလဲ အမုန်းခံရကျိုးနပ်ရပါတယ်။ အခုအချိန်မှာတော့ အမုန်းခံပီတိဖြစ်ရပါတယ်ကွယ်"

ဆရာကြီးဦးဘဖြူ၏မျက်ဝန်းအိမ်တွင် ပီတိကြောင့်ဖြစ်ပေါ်လာသည့် မျက်ရည်ကြည်လေးများဝေ့နေသည်ကို တွေ့ရသည်။

"ဆရာကြီးကိုလဲ အခုလိုကျန်းကျန်းမာမာနဲ့ပြန်တွေ့ရတော့ ဝမ်းသာပါတယ် ဆရာကြီး"

ဆရာကြီး၏လိပ်စာကိုတောင်းထားပြီး နောက်တစ်ပတ်ရုံးပိတ်ရက်တွင် ခိုင်နှင့်အတူ ဆရာကြီးကိုသွားကန်တော့ကြသည်။ သူဆုံးမသွန်သင်ခဲ့သော တပည့်တစ်ဦးကို ယခုလိုအနေအထားနှင့်ပြန်တွေ့ရတော့ အမုန်းခံပီတိဖြစ်နေသည်မှာ ဆရာကြီးမျက်နှာတွင် ပေါ်လွင်ထင်ရှားနေပါတော့သည်။

## လမြတ်ဝါခေါင်

\- သိဟ်ရာသီ ဝါခေါင်လ
ရွာယောင်ပြ မိုးလေခွာ၊
ရွာပြန်လျှင် သဲသဲမဲမဲ
မစဲမိုးရွာ၊
နက္ခတ်က သရဝဏ်ပါ
ပုံသဏ္ဌာန်မှာ ခြသေ့်ရုပ်၊
ရပ်ရှစ်ခွင် ကောင်းကင်နန်း
တိမ်ပန်းလိမ်ရှုပ်။

\- ပင်ယံကို လေပြည်သုတ်တော့
ပန်းကနုတ်တို့ ကကြိုးဆင်၊
ထနောင်းပျို ဖူးပွင့်ကြလို့
ထူးတင့်စွမြင်၊
ကြောင်ကျစ်ပန်း ဆူးရစ်ပင်
အတူယှဉ် ဖူးပွင့်ကြ၊
ပန်းခတ္တာ ပင်ယံနန်းမှာ
လန်းဆန်းလှပ။

\- ဝါတွင်းအချိန် အခါသမယ
ပူဇော်ကြ ထေရ်သံဃာ၊
မြတ်စိန္တေ ရည်မှန်းလို့
လှူဒါန်းလို့သာ၊
သကာလဘတ္တ ဆွမ်းတော်ပါ
လောင်းလှူကာ ဝတ်မပျက်၊
စာရေးတံမဲအလှူ သာစွရယ်ဖြင့်
ဒါနတွေဆက်။

\- မေတ္တာသည် စမ်းရေစက်သို့
ငြိမ်းအေးလျက် ထာဝစဉ်၊
ဗုဒ္ဓရှင် ထေရ်ငါးရာအား
သင်ကြားကာပင်၊
ဝါခေါင်လပြည့် ညဉ့်ဦးယံတွင်
တရားသဘင် ဟောဖော်ပြ၊
လူနတ်ချစ်ခင် ဓမ္မတရား
ဟောကြားဗုဒ္ဓ။ ။

**ရွှေတိုး(ထုံးဘို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# ချေလွှာမဟုတ်သောကန့်ကွက်လွှာကို ပြင်ဆင်ခွင့်မပြုပါ

**စိန်လှိုင်ပိုလ်**

တရားမမှုများစွဲဆိုရာတွင် တရားလိုဘက်က မိမိတောင်းဆိုလိုသော သက်သာခွင့်အတွက် စွဲဆိုလွှာကို ဥပဒေနှင့်အညီရေးသား၍ ရုံးတော်သို့တင်သွင်းရသည်။ ထိုအရာကို အဆိုလွှာဟုခေါ်သည်။ ထိုနည်းတူ တရားစွဲဆိုခြင်းခံရသူဘက်ကလည်း တရားလို၏စွဲဆိုလွှာအပေါ် ချေပလွှာတင်သွင်းရသည်။ အချေလွှာဟုခေါ်ပါသည်။ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁ တွင် ပြဋ္ဌာန်းထားသည်။


တရားမကျင့်ထုံးဥပဒေအမိန့်-၈၊ နည်း-၁ အရ တရားရုံးကဆင့်ဆိုလျှင် တရားပြိုင်သည် ချေလွှာတင်သွင်းရမည်ဖြစ်သည်။ ထိုအဆင့်တွင် တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ အဆိုအချေများကို ပြောင်းလဲရန်၊ ပြင်ဆင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အဆိုအချေမှလွဲ၍ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ အခြားအကြောင်းအရာများကို တရားရုံးက ပြင်ဆင်ခွင့်မပေးနိုင်ခြင်းနှင့်ပတ်သက်၍ ဥပဒေအရ နက်နဲသိမ်မွေ့သော်လည်း သိသင့်သိထိုက်သည်ဖြစ်၍ အမွေထိန်းစာလျှောက်ထားမှုတစ်ခုကို အကြောင်းပြု၍ ဖော်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရှမ်းပြည်နယ်တရားရုံး(လားရှိုးခရိုင်)၏ ၁၉၉၈ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄ တွင် ဒေါ်စန်းစန်းမြင့်ပါ သုံးဦးတို့က အမွေထိန်းလက်မှတ်စာလျှောက်ထားသည်။ ဒေါ်လှရွှေက ထိုသို့လျှောက်ထားခြင်းကို ကန့်ကွက်သဖြင့် တရားရုံးက ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် -၆ ဖြင့် ပြောင်းလဲဖွင့်လှစ်သည်။ ဒေါ်လှရွှေက ကန့်ကွက်လွှာတင်သွင်းခဲ့ပြီးနောက် ကန့်ကွက်လွှာပါအချက်အပိုဒ်-၄ ကို ပြင်ဆင်ပေးစေလိုကြောင်း တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ ပြင်ဆင်ချေလွှာတင်သွင်းသည်။ ပြည်နယ်တရားရုံးက ထိုသို့လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ပြည်နယ်တရားရုံးက ပြင်ဆင်ချေလွှာတင်သွင်းခွင့်မပြုခဲ့ခြင်းအပေါ် ဒေါ်လှရွှေက မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ပြည်နယ်တရားရုံးက ဤအမှုမှာ အမွေထိန်းစာရရှိသာ လျှောက်ထားခြင်းဖြစ်ကြောင်း၊ အမွေထိန်းစာရရှိမှုဖြင့် အချင်းဖြစ်ပစ္စည်းကို တရားလိုက ပိုင်ဆိုင်သည်မဟုတ်သေးကြောင်း၊ တရားပြိုင်ဘက်မှ ပြင်ဆင်ချေလွှာတင်သွင်းခြင်းသည် လိုအပ်သည်ဟု တထစ်ချကောက်ယူ၍မရကြောင်း၊ မူလချေလွှာတင်သွင်းစဉ်က အချင်းဖြစ်ပစ္စည်းသည် သေသူ၏ပစ္စည်းမဟုတ်ပါဟူ၍ တိကျစွာချေပထားခြင်းမရှိဘဲ နောက်မှ မြေစာရင်းပုံစံ (၁၀၅) နှင့် ဂရမ်များရရှိအောင်ကြိုးစားပြီး လိုအပ်သည်ဟု တထစ်ချကောက်ယူ၍မရကြောင်း၊ မူလချေလွှာတင်သွင်းစဉ်က အချင်းဖြစ်ပစ္စည်းသည် သေသူ၏ပစ္စည်းမဟုတ်ပါဟူ၍ တိကျစွာချေပထားခြင်းမရှိဘဲ နောက်မှ မြေစာရင်းပုံစံ (၁၀၅) နှင့် ဂရမ်များရရှိအောင်ကြိုးစားပြီး လိုအပ်သည်ဟု တထစ်ချကောက်ယူ၍မရကြောင်း၊ မူလချေလွှာတင်သွင်းစဉ်က အချင်းဖြစ်ပစ္စည်းသည် သေသူ၏ပစ္စည်းမဟုတ်ပါဟူ၍ တိကျစွာချေပထားခြင်းမရှိဘဲ နောက်မှ မြေစာရင်းပုံစံ (၁၀၅) နှင့် ဂရမ်များရရှိအောင်ကြိုးစားပြီးမှ တင်ပြလိုခြင်းဖြစ်ကြောင်း၊ အကယ်၍ ခွင့်ပြုခဲ့ပါက အမှု၏အတွင်းသဘောသရုပ်ကို မပြောင်းလဲသွားဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ အချင်းဖြစ်မြေကွက်နှင့် အဆောက်အအုံကို ဖယ်ရှားလျှင် အိမ်ထောင်ပရိဘောဂအပေါ်တွင် အကျိုးသက်ဆိုင်ခွင့်ကျန်ရှိသေး၍ အမွေထိန်းစာ ရသင့်၊ မရသင့် စသည့် ရသင့်၊ မရသင့် ဆက်လက်စစ်ဆေးရမည်ဖြစ်ကြောင်း စသည့်အချက်များ ကောက်ယူသုံးသပ်ပြီး လျှောက်ထားချက်အပေါ် ပြည်နယ်တရားရုံးက ပလပ်ခဲ့ခြင်းဖြစ်သည်ကို တရားရုံးချုပ်က စိစစ်ခဲ့သည်။




လျှောက်ထားသူ၏ရှေ့နေက အမွေထိန်းစာရရှိမှုသာ လျှောက်ထားခြင်းဖြစ်ကြောင်း၊ အမွေထိန်းစာရရှိမှုဖြင့် အချင်းဖြစ်ပစ္စည်းကို တရားလိုကပိုင်ဆိုင်မည်မဟုတ်သေးကြောင်း၊ တရားပြိုင်ဘက်က ပြင်ဆင်ချေလွှာတင်သွင်းခြင်းသည် လိုအပ်သောပြင်ဆင်ချက်ဖြစ်သည်ဟု တထစ်ချကောက်ယူ၍မရကြောင်း ပြည်နယ်တရားရုံးက သုံးသပ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ နောက်မှ မြေစာရင်းပုံစံ (၁၀၅) နှင့် ဂရမ်များရရှိအောင် ကြိုးစားပြီးမှ တင်ပြလိုခြင်းဖြစ်သည်ဟု သုံးသပ်ခြင်းမှာလည်း မှားယွင်းကြောင်း အဓိက လျှောက်လဲခဲ့သည်။

လျှောက်ထားခံရသူ၏ရှေ့နေက အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိလာသဖြင့် အမွေဆက်ခံရေးဥပဒေပုဒ်မ-၂၉၅ အရ တရားမကြီးမှုအဖြစ်ပြောင်းလဲ၍ တရားမကြီးမှုစစ်ဆေးသည့်နည်းအတိုင်း စစ်ဆေးခဲ့ခြင်းသာဖြစ်ကြောင်း၊ အမွေထိန်းစာလျှောက်ထားမှုတွင် လျှောက်ထားသူသည် အမွေဆက်ခံပိုင်ခွင့်ရှိ၊ မရှိနှင့် အမွေထိန်းစာလက်ခံထိုက်သူ ဟုတ်၊ မဟုတ် စသောပြဿနာကိုသာကြည့်ရကြောင်း၊ ချေလွှာပြင်ဆင်ရန်အကြောင်းမှာ ပိုင်ဆိုင်မှုကို တင်ပြလိုခြင်းဖြစ်၍ ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း အဓိကအားဖြင့် လျှောက်လဲတင်ပြခဲ့သည်။

ရှမ်းပြည်နယ်တရားရုံး(လားရှိုးခရိုင်)တွင် ဒေါ်စန်းစန်းမြင့်ပါ သုံးဦးက အမွေထိန်းလက်မှတ်စာရလိုကြောင်း လျှောက်ထားရာ တရားမအထွေထွေမှုအဖြစ်ဖွင့်လှစ်ခဲ့သည်။ ဒေါ်လှရွှေက ကန့်ကွက်သဖြင့် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ-၂၉၅ ပါ ပြဋ္ဌာန်းချက်အရ တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ အမွေထိန်းစာသည် တရားမကြီးမှု (Suit) မဟုတ်ကြောင်း၊ ကိုမောင်ကြီးနှင့် ဒေါ်တုတ်အမှု အိုင်အယ်လ်အာရ် (ရန်ကုန်)စာ-၄၇၄ စီရင်ထုံးတွင် ထုံးဖွဲ့ထားသည်။ ယခုအမှုတွင် လျှောက်ထားသူ ဒေါ်လှရွှေ တင်သွင်းထားသည့် ကန့်ကွက်လွှာကို တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ တရားရုံးက ပြင်ဆင်ခွင့်ပြုနိုင်ခြင်းရှိ၊ မရှိကို အဓိကသုံးသပ်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်က ဆန်းစစ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁ တွင် အဆိုအချေဆိုသည်မှာ အဆိုလွှာ သို့မဟုတ် ချေလွှာကို ဆိုလိုကြောင်းကိုလည်းကောင်း၊ နည်း-၂ တွင် အဆိုအချေအသီးသီးတွင် အမှုသည်၏တောင်းဆိုချက် သို့မဟုတ် ခုခံချေပချက်အတွက် အမှုသည်က အားကိုးအားထားပြုသော အရေးပါသည့်အကြောင်းအချက်အကျဉ်းချုပ်သာ ပါရှိစေရပြီး ရက်စွဲ၊ ငွေကြေးပမာဏနှင့် ကိန်းဂဏန်းတို့ကို ဖော်ပြရမည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်များရှိပေသည်။ တရားရုံးများလက်စွဲအပိုဒ်-၁၁၉ တွင်လည်း အဆိုအချေများနှင့်စပ်လျဉ်း၍ ညွှန်ပြချက်များရှိသည်။ ထို့ပြင် တရားမကျင့်ထုံးဥပဒေပထမစာရင်း နောက်ဆက်တွဲ(က)တွင် အဆိုအချေပုံစံများကို သတ်မှတ်ထားကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၈၊ နည်း- ၁ အရ တရားရုံးကဆင့်ဆိုလျှင် တရားပြိုင်သည် ချေလွှာတင်သွင်းရန် တာဝန်ရှိပေသည်။ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ တွင် တရားရုံးသည် တစ်ဖက်သောအမှုသည်အား အဆိုအချေများကို ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

**တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁ နှင့် ၂ တို့နှင့်အညီ ရေးသားထားပြီး အမိန့်-၈၊ နည်း-၁ နှင့်အညီ တင်သွင်းမှသာ ချေလွှာဟုဆိုနိုင်မည်**ဖြစ်ပြီး ထိုကဲ့သို့ တင်သွင်းသောချေလွှာများကိုသာ လိုအပ်လျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ **အဆိုအချေမှလွဲ၍ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ ပြင်ဆင်ခွင့်မပေးနိုင်ခြင်းမှာ ၎င်းပြဋ္ဌာန်းချက်အရ အငြင်းပွားစရာမရှိကြောင်း** တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

**အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်လိုသူများသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းရသည့်ကန့်ကွက်လွှာသာဖြစ်ပြီး တရားမကျင့်ထုံးဥပဒေအမိန့်-၈၊ နည်း-၁ အရ တင်သွင်းရသည့် ချေလွှာမဟုတ်သဖြင့် ၎င်းကန့်ကွက်လွှာကို တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ ပြင်ဆင်ခွင့်မပြုနိုင်ကြောင်း ထင်ရှားသည်ဟု** တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ ပြည်နယ်တရားရုံးက ဒေါ်လှရွှေ၏ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ ချေလွှာပြင်ဆင်လိုကြောင်း လျှောက်ထားချက်အပေါ် ခွင့်မပြုကြောင်း ချမှတ်သည့်အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်၍ ဒေါ်လှရွှေတင်သွင်းသော ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

ဤစီရင်ထုံးက ညွှန်ပြသည်မှာ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁ နှင့် ၂ တို့ဖြင့် ရေးသားထားပြီး အမိန့်-၈၊ နည်း-၁ နှင့်အညီ တင်သွင်းမှသာ ချေလွှာဟုဆိုနိုင်မည်ဖြစ်ကြောင်းနှင့် ထိုသို့ တင်သွင်းသောချေလွှာများကိုသာ လိုအပ်လျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်မည်ဖြစ်သည်။ အဆိုအချေမှလွဲ၍ တရားမကျင့်ထုံးဥပဒေအမိန့်-၆၊ နည်း-၁၇ အရ တရားရုံးသည် ပြင်ဆင်ခွင့်မပေးနိုင်ကြောင်း သိရှိနိုင်ကြမည်ဖြစ်သည်။

သာမန်ပြည်သူများအနေဖြင့် အလွယ်တကူနားလည်ရန်ခက်ခဲသော်လည်း တရားရုံးတရားခွင်တွင် ကျင်လည်နေကြသူများ အမှတ်မမှားကြစေရန်ဖြစ်ပါကြောင်း ဒေါ်လှရွှေနှင့် ဒေါ်စန်းစန်းမြင့်ပါ ၃ (မိမိကိုယ်တိုင်နှင့် အရွယ်မရောက်သေးသူ (၂၊ ၃) လျှောက်ထားသူများ၏ မိခင်အရင်း သဘာဝအုပ်ထိန်းသူ)အမှုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

## နမ္မတူမြို့နယ် နာမ့်တောင်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**နမ္မတူ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နာမ့်တောင်ကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် ၁၅ သန်း အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိနေ



**ပုသိမ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ ဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ ထိသာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခု ဈေးကွက်ထဲကို ရှမ်းပြည်နယ်ဘက်ကနေထွက်ရှိတဲ့ အာလူးတွေ ဝင်ရောက်နေပါတယ်။ ဝင်ရောက်လာတဲ့အာလူးတွေက လတ်ဆတ်မှုရှိပါတယ်။ အရည်အသွေးလဲကောင်းပါတယ်။ လက်ရှိ အာလူးတွေက ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သီရိက ပြောပြသည်။

ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် အာလူးပွဲရုံများသို့ တစ်ရက်လျှင် အာလူးပိဿာချိန် ၅၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဖြူးမြို့နယ် လေးအိမ်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဖြူး ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လေးအိမ်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လေးအိမ်စုကျေးရွာ၌ တွင်းနက်တူးဖော်နေမှုအခြေအနေများ၊ ဆိုလာသုံးရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် စင်မြင့်ရေစင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဖြူးမြို့နယ် လေးအိမ်စုကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၃၈၅ သန်းအသုံးပြုပြီး အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ၊ ဝပ် ၄၆၀၀ ရှိ ဆိုလာသုံးရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို PMMT ကုမ္ပဏီမှ တာဝန်ယူ၍ ဇူလိုင် ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ် ၈၄ အိမ်မှ လူ ၆၃၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေကို ရရှိနိုင်မည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။ **ကိုညို**

# တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၀၁၅၅ ဧက စိုက်ပျိုးပြီးစီး

**တမူး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၀၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၅၈၃၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးမြို့နယ်မှာ သီးနှံစုံဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးသီးနှံစုံဧကလျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နည်းပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

တမူးမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၇၅၁၈ ဧက၊ ဖူးစားပြောင်းဧက ၂၈၀၊ ကြက်ပေါင်စေး ၂၁၅ ဧက၊ အခြားဟင်းခတ်အမွှေးအကြိုင် ရှစ်ဧက၊ ကြံ ၅၁ ဧက၊ ကော်ဖီ ခုနစ်ဧက၊ ပီလောပီနံ ၁၀ ဧက၊ အထွေထွေစားသုံးဧက ၈၀၊ ဟင်းသီးဟင်းရွက် ၇၄၅ ဧက၊ ၄က်ပျော ၁၆၅ ဧက၊ အုန်းဧက ၅၀၊ ကွမ်း ၁၂ ဧက၊ သစ်သီးပင် ၈၆၅ ဧက၊ အခြားသီးနှံ ၁၄၉ ဧက စုစုပေါင်း ၁၀၁၅၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် တမူးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စဉ့်ကူးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ကျရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၅၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက အောင်ချမ်းသာကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို ငွေကျပ် ၃၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**



# ရေနံချောင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာကာ ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ထနောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထနောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အရင်းနှင့်အတိုးငွေများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈၇ ဦးကို ငွေကျပ် ၄၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၇၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၆၈ သန်း ထုတ်ချေးပေးထားကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ပြောပြ၍ သိရသည်။ **နွံ့ယဉ်**

# လူတိုင်းစာတတ်မြောက်ရေးနှင့် အမျိုးသားရေးတာဝန်

**ညွန့်ဝင်း(နတ်တလင်း)**

စာမတတ်ခြင်းသည် လူ့ဘဝအတွက် အာဟာရ ပြတ်ခြင်းတစ်မျိုးဖြစ်သည်။ စာမတတ်သည့် အာဟာရ ချို့တဲ့မှုသည် လူစဉ်မမီ၊ ဉာဏ်ရည်မမျှဘဲ ဘဝ နိမ့်ပါးရသည့်အဖြစ်များ ကျွန်ုပ်တို့ ကြုံခဲ့ဖူးပေသည်။ စာတတ်သူများက စာမတတ်သူများအပေါ် ဖိနှိပ်ချုပ်ချယ်စိုးမိုးခဲ့ကြသည်။ ထိုအဖြစ်များသည် အတိတ်တစ်ချိန် ကျွန်ုပ်တို့နိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ချိန်၌ အမှန်ကြုံတွေ့ခဲ့လေသည်။ တစ်မျိုးသားလုံးစာတတ်မြောက်ရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။

ယနေ့ ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ အတတ်ပညာ၊ နည်းပညာများဖြင့် လူ့ဘောင်ကို တည်ဆောက်နေကြရသည်။ ဤကာလမျိုးတွင် စာမတတ်သူများ များပြားနေလျှင် လူ့ဘောင်သစ်တည်ဆောက်ရန်မဆိုထားနှင့်၊ မိမိတို့၏ နဂိုလူ့ဘောင်သည်ပင် ပြိုပျက်သွားမည်၊ ပျောက်ဆုံးသွားမည်ကို စိုးရိမ်စရာဖြစ်သည်။ ယနေ့ခေတ်ကာလတွင် လူသားတိုင်းစာတတ်မြောက်ရေးသည် အရေးတကာ့ အရေးထဲတွင် အရေးအကြီးဆုံး အရေးကိစ္စဖြစ်လာသည်။ ပညာခေတ်တွင် အတတ်ပညာ၊ နည်းပညာတို့သည် စာတတ်မှ၊ စာပေလေ့လာမှ တတ်မြောက်နိုင်ပေသည်။ ရှေးယခင်က အမျိုးသားများ စာမတတ်လျှင် အကန်းနှင့်တူ၍ အမျိုးသမီးများ ရက်ကန်းမတတ်လျှင် အကျိုးနှင့်တူသည်ဟု ခိုင်းနှိုင်းကြသည်။ သို့သော် ယခုခေတ်အခါတွင် အမျိုးသားများရော အမျိုးသမီးများပါ စာတတ်မှသာ ခေတ်နှင့်အညီ မိမိတာဝန်များကို ထမ်းဆောင်နိုင်ပေမည်။

အတိတ်ကမြန်မာနိုင်ငံသည် ကိုလိုနီဘဝရောက်ခဲ့၍ စာတတ်မြောက်ရေးခက်ခဲခဲ့သည်။ ကိုလိုနီစနစ်၏ အမွေဆိုးကြောင့် မြန်မာတို့စာမတတ်ဘဲ လက်ဗွေအမှတ်နှင့် ကြက်ခြေခတ်ရသူများ များပြားခဲ့သည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစတွင် မြန်မာလူဦးရေ ၁၇ သန်းရှိသည့်အနက် ၁၁ သန်းခန့်သည် ကကြီးကို ကကြီးမှန်းမသိသူများဖြစ်ခဲ့ကြသည်။ လူဦးရေထက်ဝက်ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၆၅ ရာခိုင်နှုန်းသည် စာမတတ်သူများဖြစ်နေကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ငန်းများကို အခြားနိုင်ငံများထက် ဆောလျင်စွာ ဆောင်ရွက်ခဲ့ကြရသည်။ လူထုပညာရေးသင်တန်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအစီအမံများကြောင့် ၁၉၆၃ ခုနှစ်တွင် စာမတတ်သူဦးရေ ၄၃ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့သည်။ ထို့နောက်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်တိုးတက်လာပြီး နိုင်ငံတော်ကကြီးမှူး၍ စာတတ်မြောက်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ၁၉၆၄ ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုမှသည် ၁၉၈၁ ခုနှစ်ထိ တဖြည်းဖြည်းအောင်မြင်မှုများရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း သက်ကြီးစာမတတ်သူပပျောက်ရေး အသုံးလုံးကျေသင်တန်းများကို မြန်မာတစ်နိုင်ငံလုံးတွင် စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေးကြိုးပမ်းခဲ့ကြရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံး စာတတ်မြောက်မှုအောင်ပွဲခံခဲ့သည်။ ဤသို့တက်ကြွစွာ ဆောင်ရွက်မှုများကြောင့် ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်ကပေးသည့် **"မိုဟာမက်ရီဇာပါလဗီဆု"** နှင့် ၁၉၈၁ ခုနှစ်တွင် စာတတ်မြောက်ရေး **"နိုမာဆု"** တို့ကို ရရှိခဲ့သည်။

လူတိုင်း ပညာရေးမြင့်မားအောင် ကြိုးပမ်းရာ၌ အခြေခံအားဖြင့် လူတိုင်း စာတတ်မြောက်ရေးကို ဦးတည်ဆောင်ရွက်ရပါသည်။ စာတတ်မြောက်ရေး၏ အဓိပ္ပာယ်မှာလည်း သာမန်မျှမဟုတ်ဘဲ ကျယ်ပြန့်သော ရည်ရွယ်ချက်နှင့် အနှစ်သာရကို ဆောင်ပါသည်။ စာတတ်မြောက်ရေးသည် သာမန်အရေး၊ အဖတ် သင်ယူခြင်းမျှသာမက အခြားအခြားသော ဖွံ့ဖြိုးမှု အစီအစဉ်များနှင့် ပေါင်းစပ်ဖွဲ့စည်းပေးရန် လိုသည်။ မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၂၃ ခုနှစ် မေ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပခဲ့သည်။ ထိုညီလာခံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏လမ်းညွှန်ချက်နှင့်အညီ "မြန်မာနိုင်ငံ၏အနာဂတ် ပညာရေးတိုးတက်ကောင်းမွန်စေရေး" ရည်ရွယ်ချက်ဖြင့် ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ပညာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် မြှင့်တင်ခြင်းသည် ပညာရှာမှီးသူ ပုဂ္ဂိုလ်များကိုသာမက လူ့အသိုင်းအဝိုင်းနှင့် မျက်မှောက်ကမ္ဘာကြီးတစ်ခုလုံး၏ အနာဂတ်ကို ပုံဖော်နေခြင်းဖြစ်သည်။ လူငယ်လူရွယ်များ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးအတွက် ပညာရေးနိမ့်ကျနေမှုကို ကုစားနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ကျင့်သုံးလျက်ရှိသည်။ ထိုသို့ ကုစားနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ကျင့်သုံးနိုင်ရန် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ပညာရှင်များ ဝိုင်းဝန်းဆွေးနွေး အဖြေရှာဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို-

(၁) ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းရှာဖွေရန်
(၂) KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ဆောင်ရွက်ရန်
(၃) အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် KG+10၊ 11၊ 12 တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာရပ်များ သင်ကြားရန်
(၄) လုပ်ငန်းခွင်တွင် လက်တွေ့အသုံးကျမည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံများ ထိရောက်စွာသင်ကြား၍ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန်
(၅) အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်းကို အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရန်
(၆) ဝိဇ္ဇာ သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ မွေးထုတ်ရန်
(၇) လူငယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိစေရန်ဟူသော ရည်ရွယ်ချက် ခုနစ်ချက်ဖြင့် ကျင်းပခဲ့သည်။

**❖ လူတိုင်း ပညာရေးမြင့်မားအောင် ကြိုးပမ်းရာ၌ အခြေခံအားဖြင့် လူတိုင်း စာတတ်မြောက်ရေးကို ဦးတည်ဆောင်ရွက်ရပါသည်။ စာတတ်မြောက်ရေး၏ အဓိပ္ပာယ်မှာလည်း သာမန်မျှမဟုတ်ဘဲ ကျယ်ပြန့်သော ရည်ရွယ်ချက်နှင့် အနှစ်သာရကို ဆောင်ပါသည်။ စာတတ်မြောက်ရေးသည် သာမန်အရေး၊ အဖတ် သင်ယူခြင်းမျှသာမက အခြားအခြားသော ဖွံ့ဖြိုးမှု အစီအစဉ်များနှင့် ပေါင်းစပ်ဖွဲ့စည်းပေးရန်လိုသည်။ မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်ရေးနှင့်ပညာရည်မြင့်မားရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၂၃ ခုနှစ် မေ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပခဲ့သည်။ ❖**

ပညာရေးရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိ၍ မပျက်မကွက် ပညာသင်ယူနိုင်ရေးသည် ကျွန်ုပ်တို့ ကနဦးဆောင်ရွက်ရမည့် အခြေခံအချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က နိုင်ငံအတွင်းရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းအပ်နှံရေးဆောင်ပုဒ်ကို "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ အမြန်အပ်နှံစို့"ဟူ၍ သတ်မှတ်ကာ ၂၀၂၃ ခုနှစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားဆောင်ရွက်ခဲ့ကြပေသည်။ ဆက်လက်၍ ကျောင်းအပ်နှံပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေမြဲရေးအတွက် စည်းရုံးဟောပြောမှုများ၊ ပံ့ပိုးကူညီမှုများဖြင့် ကျောင်းနေပျော်အောင် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲပြီး အတန်းစဉ် ကူးပြောင်းမှုနှုန်း မြင့်မားလာအောင် မိဘ၊ ဆရာနှင့် ပြည်သူတစ်ရပ်လုံးက စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်ကြရန်လိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်ဖက်တွင်လည်း ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအတွက် ဖြစ်နိုင်သည့် သင့်လျော်မည့်နည်းလမ်းများကို ရှာဖွေ၍ ချီးမြှင့်မှု၊ ပံ့ပိုးမှုများပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်ပြီး သင်ကြားရေးဆရာ၊ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ရာတွင် ပါရဂူဘွဲ့အတွက် ငွေကျပ် ၃၀၀၀၀ နှုန်း၊ မဟာဘွဲ့အတွက် ငွေကျပ် ၂၅၀၀၀ နှုန်းနှင့် ဘွဲ့လွန်ဒီပလိုမာအတွက် ငွေကျပ် ၁၀၀၀၀ နှုန်း လစဉ် ချီးမြှင့်ပေးအပ်လျက်ရှိသည်။ ထို့ပြင် ပညာရေးဝန်ထမ်းအကြီးအကဲများကို ချီးမြှင့်ပံ့ပိုးရာ၌ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစတင်ပြီး အုပ်ချုပ်မှုစရိတ်အဖြစ် တက္ကသိုလ်ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများအား ကနဦးလစာ၏ ၁၀ ရာခိုင်နှုန်းကို လစဉ် ထပ်ဆောင်းချီးမြှင့်ပေးအပ်လျက်ရှိသည်။ တစ်ဖန် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ တိုင်းရင်းသား နေ့စားလစေး သင်ကြားရေးအထောက်အကူပြုဆရာ (Teaching Assistant) များကို မူလက တစ်လလျှင် ငွေကျပ် ၉၆၀၀၀မှ ၁၃၀၀၀၀ သို့လည်းကောင်း၊ တိုင်းရင်းသား ဘာသာစကားသင်ဆရာ (Language Taeacher) များကို ပုတ်ပြတ်တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းမှ ၆၀၀၀၀ သို့လည်းကောင်း တိုးမြှင့်၍ လစဉ် ချီးမြှင့်ပေးအပ်လျက်ရှိသည်။

အတန်းစဉ် ကူးပြောင်းမှု အားနည်းချက်ကို ကုစားနိုင်လျှင် ၎င်းကြောင့်ဖြစ်ပေါ်သည့် ပညာရေးအဟောသိကံများကို ပျောက်အောင်ဆောင်ရွက်နိုင်ပြီး KG+9 ထိ မဖြစ်မနေ ပြီးမြောက်ရေးဟူသော အမျိုးသားပညာရေးရည်ရွယ်ချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံလုပ်ကိုင်ရသည့် နိုင်ငံဖြစ်၍ KG+10၊ KG+11၊ KG+12တွင် အသက်မွေးဝမ်းကျောင်း အခြေခံရရှိစေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများကိုလည်း ကျွဲကူးရေပါ တတ်မြောက်အောင် သင်ကြားပေးရန်လိုအပ်သည်။ ယခုပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ရှိ မြို့နယ်များတွင် ခရိုင်အလိုက် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်သင်ကြားပြီး သုံးနှစ် ပညာသင်ကြားပြီးမြောက်လျှင် လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ ၎င်းပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးကျမည့် သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပေးမည်ဖြစ်သဖြင့် လက်တွေ့အသုံးချနိုင်ရုံသာမက ထူးချွန်စွာအောင်မြင်သူများကို အဆင့်မြင့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာများ ဆက်လက်သင်ကြားခွင့်ရမည်ဖြစ်သည်။ ဤနည်းလမ်းဖြင့် အသက်မွေးဝမ်းကျောင်းအတွက် လက်တွေ့အသုံးချနိုင်မည့် အခြေခံပညာရပ်များ တတ်ကျွမ်းသည့် နိုင်ငံ၏လူ့စွမ်းအင်အရင်းအမြစ်များ မွေးထုတ်နိုင်ရေးနှင့် အဆင့်မြင့်နည်းပညာရပ်များကို တတ်ကျွမ်းသူများ၊ အသုံးချနိုင်သူများ ပေါ်ပေါက်ထွန်းကားလာအောင် မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

တစ်ဖန် မိမိတို့၏ နိုင်ငံတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားတို့၏ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ပေါ်တွင် မူတည်သည်။ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိခြင်းသည်လည်း လူငယ်များ စာတတ်မှု၊ ပညာတတ်မှုတို့အပေါ်တွင် မူတည်သည်။ တစ်ချိန်တွင် အနာဂတ်နိုင်ငံသည် မျိုးဆက်သစ်လူငယ်တို့၏ လက်ဝယ်ရောက်ရှိလာမည်ဖြစ်ရာ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိသော လူငယ်များကသာ နိုင်ငံတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်နိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်တိုင်း ပြည်ပနိုင်ငံကြီးတချို့နှင့် မီဒီယာတချို့သည် မြန်မာလူငယ်များ စာမတတ်အောင်၊ ပညာဉာဏ်နည်းပါးပြီး တိုင်းပြည်အတွက် အကျိုးမပြုနိုင်အောင် လမ်းမှားရောက်စေမည့် အမှားသတင်းများ၊ လှုံ့ဆော်ဝါဒမှိုင်းတိုက်မှုများဖြင့် ဖျက်ဆီးလျက်ရှိသည်။ ကျောင်းများ ပြန်လည်မဖွင့်နိုင်ရေး၊ ပညာသင်မည့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းမတက်နိုင်ရေး နည်းမျိုးစုံ အဖျက်အမှောင့်လုပ်ငန်းများဖြင့် ကြိုးပမ်းနေသည်ကို တွေ့ရသည်။ ပြည်တွင်းသစ္စာဖောက်တချို့နှင့် တိုင်းတစ်ပါးလက်ပါးစေအဖွဲ့တချို့သည် ပြည်ပပံ့ပိုးမှုများရယူလျက် မြန်မာကလေးငယ်များ ကျောင်းသို့မရောက်အောင် နှောက်ယှက်ဖျက်ဆီးခဲ့သည်။ မည်သို့ပင်ဖြစ်စေ မြန်မာတစ်မျိုးသားလုံး စာတတ်မြောက်ရေးသည် အတွေးအခေါ်မြင့်မားသော၊ ပညာရည်မြင့်မားသော လူ့ဘောင်အဖွဲ့အစည်းတည်ဆောက်ရေး၏ အခြေခံဖြစ်သဖြင့် လူတိုင်း ပါဝင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။


**ကိုးကား**

၁။ **နေ့စဉ်ထုတ် သတင်းစာများ၊**

၂။ **လူတိုင်းစာတတ်မြောက်ရေးနှင့် တာဝန် (ဦးရဲဝေ-မြန်မာစာ)**

၃။ **နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ။**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၃၄၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၃၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၃၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဟင်းသီးဟင်းရွက်ဧက ၃၃၇၇ ဧက လျာထားစိုက်ပျိုးခဲ့ပြီး အခု ၃၃၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဧက ၂၄၀၊ ဆွမ္မရာမြို့တွင် ၁၅ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၁၃၅၀၊ ထန်ပါခွေမြို့တွင် ၄၃၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ၅၀၅ ဧက၊ ဒုံဟီးမြို့တွင် ၄၂၀ ဧကနှင့် ပန်ဆောင်မြို့တွင် ၃၇၉ ဧက စုစုပေါင်း ၃၃၄၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAPစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များမှာ ပန်းမုန်လာ၊ ဂေါ်ဖီ၊ မုန်ညင်း၊ ခရမ်းချဉ်၊ ခရမ်း၊ အာလူး၊ ငရုတ် စသည့် သီးနှံများဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ချောင်းခွကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောချောင်းခွကျေးရွာ၌ စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်း ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ငွေကျပ် ၃၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ချောင်းခွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၃ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**


ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ













## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အ.ထ.က (၁၃)၊ Grade-12 တွင် ပညာသင်ကြားနေသော မအေးခိုင်ဝင်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းနိုင် ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင် (၅/ခဥတ(နိုင်)၀၆၆၂၄၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊နန္ဒာတောင်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-12 မှ ကျောင်းဝင်အမှတ်(၀၁၀၂)၊ မောင်ထက်ဝေယံမိုး ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတင်ခိုင် ဖြစ်ပါကြောင်း။ **ဦးတင်ခိုင်(၉/မတရ(နိုင်)၁၁၂၂၃၅)**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ VEC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၃-၂၀၂၄ပညာသင်နှစ်၊ Grade-5တွင်ပညာသင်ကြားနေသော မောင်ကျော်သူညိမ်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇော်မင်း ဖြစ်ပါကြောင်း။ **ဦးဇော်မင်း (၅/ရဥန(နိုင်)၀၆၅၁၁၄)**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ စွယ်စုံကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-2၊ ကျောင်းဝင်အမှတ် (စစ-၂၃၀၀၈၆)၊ (မိခင်) ဒေါ်ဝေနှင်းဖြူ (၉/မရတ(နိုင်)၁၂၇၆၉၀)၏သား မောင်AJ ၏ အမည်မှန်မှာ မောင်အောင်မြင့်မြတ် ဖြစ်ပါကြောင်း။ **မောင်အောင်မြင့်မြတ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ မင်းကွန်းကျေးရွာအုပ်စု၊ သဲဖြူချောင်းကျေးရွာနေ ဒေါ်ပု (၅/စကန(နိုင်)၂၀၁၅၇၃) ၏သားဖြစ်သူ **မောင်မောင်သင်** သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ပု (၅/စကန(နိုင်)၂၀၁၅၇၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့၊ အ.ထ.က(၁)တွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်ညိုအေး(၉/ကဆန(နိုင်) ၀၄၀၇၇၅)၏ ဖခင်သည် အမှုထမ်းစာအုပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးညာဏ်ရင် နှင့် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)ပါ ဦးညံ့ရင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညာဏ်ရင်(ခ)ဦးညံ့ရင် (၉/ကဆန(နိုင်)၀၄၀၇၇၀)**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက် (၈)နေ မောင်စိုးဇေယျာမင်း (ဘ) ဦးထွန်းထွန်းစိုး (၉/ပဥလ(နိုင်)၀၅၅၅၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-088754) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၃၄၅၇၆၉၇**

## ဝန်ထမ်းအလိုရှိသည်

**(1) အရောင်းဝန်ထမ်း မ (5) ဦး**

- အသက် (18) နှစ်မှ (25) နှစ်အတွင်းဖြစ်ရမည်။
- ပညာအရည်အချင်း အထက်တန်းပြီးသူ (သို့) ကျောင်းဆက်မတက်သူဖြစ်ရမည်။

**(2) Cashier ဝန်ထမ်း မ (2) ဦး**

**(3) ဂိုဒေါင်ဝန်ထမ်း မ (5) ဦး**

- အမှတ်စဉ် (2),(3)အတွက် Computer Basic နှင့် Excel ကျွမ်းကျင်ရမည်။

ဆက်သွယ်ရန်။ 110 လမ်း၊ 72×73 ကြား၊ အိမ်အမှတ် (ဆ-9/89)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

Ph; 09-787388882

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က (၇)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဝင်းမိုးအောင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဝင်း ဖြစ်ပါကြောင်း။

**ဦးဝင်း**

**(၉/ကဆန(နိုင်) ၀၅၁၂၁၉)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**စာပေမြင့်မှ လူမျိုးတင့်မည်**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့် သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...
❖ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...
❖ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်း သမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20 (3x3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20 (3x3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

တရုတ်-အာဆီယံ ပညာရေး ပူးပေါင်း ဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ပေ တက်ရောက်

စာမျက်နှာ - ၁၆

မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေ အာဆီယံနိုင်ငံများနှင့်အတူ ငြိမ်းချမ်းသော၊ ကြွယ်ဝပြည့်စုံသော အာဆီယံအသိုက်အဝန်းကြီး ထူထောင်ရေးရည်မှန်းချက်များ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက်များထားရှိ

စာမျက်နှာ - ၁၇

လူတိုင်း စာတတ်မြောက်ရေးနှင့် အမျိုးသားရေးတာဝန် ဆောင်းပါး

စာမျက်နှာ - ၂၈

## ဘင်္ဂလားပင်လယ်အော်အခြေအနေ
(၂၉-၈-၂၀၂၃)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၉-၈-၂၀၂၃)

| | | | |
|---|---|---|---|
| ဟိုင်းကြီးကျွန်း | ၆ ဒသမ ၉၇ လက်မ | ကိုကိုးကျွန်း | ၂ ဒသမ ၆၄ လက်မ |
| ဘီးလင်း | ၂ ဒသမ ၉၈ လက်မ | မော်လမြိုင် | ၂ ဒသမ ၄၈ လက်မ |
| ဟုမ္မလင်း | ၂ ဒသမ ၈၇ လက်မ | လောင်းလုံး | ၂ ဒသမ ၄၈ လက်မ |
| ဝ | ၂ ဒသမ ၈၀ လက်မ | ကော့ကရိတ် | ၂ ဒသမ ၁၂ လက်မ |
| | | သထုံ | ၂ ဒသမ ၁၂ လက်မ |

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရဂီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရွှေမြိုင်သူ ရန်ကုန်မြို့တွင်း
ရှမ်းမလေး G & G Store ဆိုင်များ
ဥသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု